ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ တနင်္ဂနွေနေ့၊ (10-8-2008) (၁၇၆၆)

ပဏ္ဍိတာနဉ္စ သေဝနာ ဧတံ မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀၀၇-၂၀၀၈ ခုနှစ် စိုက်ပျိုးရေးထူးချွန်ဆုများ ချီးမြှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်၍ ဆုများချီးမြှင့်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ၂၀၀၇-၂၀၀၈ ခုနှစ် စိုက်ပျိုးရေး ထူးချွန်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားတွင် စိုက်ပျိုးရေး ထူးချွန်ဆုရရှိသည့် ခရိုင်နှင့် မြို့နယ်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူစံပြ ဧက ၁၀၀ စိုက်ခင်းမှ ထွက်ရှိသည့် ခြံစည်းရိုးကြက်ဆူသီးများ ကြိတ်ခွဲသန့်စင်နေမှု၊ ခြံစည်းရိုးကြက်ဆူစေ့ထုတ်ယူနေမှုနှင့် ကြိတ်ခွဲသန့်စင်ပြီး ထုပ်ပိုးထားသည့် ကြက်ဆူစေ့များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နှစ်ရှည်သီးနှံနှင့် သုတေသနပျိုးဥယျာဉ်၌ ပြသထားသည့် ဆင်းရွှေလီ အထွက်တိုးမျိုးစပါးများ၊ ဆင်းရွှေလီနေကြာနှင့် ဘိန်းအစားထိုးသီးနှံ ဆင်းရွှေလီအထွက်ကောင်းကြံ၊ ဆင်းရွှေလီ

စာမျက်နှာ ၅ ကော်လံ ၃ သို့ ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လပွတ္တာမြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ဘုန်းတော်ကြီးကျောင်း၊ ဆေးရုံနှင့် ပြည်သူများအတွက် သီတဂူ သာသနာပြုအဖွဲ့မှ လှူဒါန်းသော အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို တက်ရောက်ကြည်ညို

နေပြည်တော် ဩဂုတ် ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် လပွတ္တာမြို့သို့ ဩဂုတ် ၇ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရောက်ရှိရာ လပွတ္တာမြို့နယ် ဘုရင့်နောင်ရိပ်သာ၌ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် သီတဂူသာသနာပြုအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ အလှူရှင် တပည့် ဒါယကာ၊ ဒါယိကာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များသည် လပွတ္တာမြို့ သကျမာရဇိန် ဆုတောင်းပြည့် စေတီတော် ဖမ္မာရုံ၌ကျင်းပသည့်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❁

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို မြောင်းမြမြို့ စက်မှုဇုန်ရှိ ဆန်စက်ဆိပ်ကမ်းတွင် ဧရာဝတီတိုင်းရေလုပ်သားများအတွက် ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော အလျား ၂၁ ပေရှိ ဦးချွန်းပဲ့ချွန်း လှေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၁၀-၈-၂၀၀၈
(တနင်္ဂနွေနေ့)

ရေတော်မိုးတော်မိုးစပါးထွန်တုံးပိတ်စိုက်ပျိုး တစ်ဧကအထွက်နှုန်းတိုးရေး ဆက်လက်ကြိုးပမ်း

ယခုနှစ် စိုက်ပျိုးရာသီတွင် မုတ်သုန်မိုးဦးကောင်းသည်။

မြန်မာ့လယ်ယာတစ်ခွင်၌ မိုးစပါးများ စိုက်ပျိုးနေကြပြီ။ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းအပါအဝင် အချို့ဒေသများတွင် ရေတော်မိုးတော်မိုးစပါး ထွန်တုံးပိတ်ပွဲများကို ကျင်းပလျက်ရှိသည်။

ရန်ကုန်တိုင်းအနေဖြင့် မိုးစပါးစိုက်ဧက ၁၂ သိန်း လျာထား သတ်မှတ်ထားရာ ဧက ၁၁သိန်းကျော် ပြီးစီးနေသဖြင့် ဇူလိုင်လကုန်ပိုင်းက ရေတော်မိုးတော်မိုးစပါး ထွန်တုံးပိတ်ပွဲ ကျင်းပနိုင်ခဲ့သည်။ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့၏ မိုးစပါး ထွန်တုံးပိတ်ပွဲများကိုလည်း ယခုလပထမပတ်အတွင်း ကျင်းပနိုင်ခဲ့ပြန်သည်။

ပဲခူးတိုင်းတွင် ယခုနှစ် မိုးစပါးဧက သိန်း၃၀ကျော် စိုက်ပျိုးရန် လျာထားသည့်အနက် ဧက ၂၉သိန်းကျော် စိုက်ပျိုးပြီးစီးလျက်ရှိသည်။ အလားတူ ဧရာဝတီတိုင်းအတွင်း မိုးစပါးစိုက်ပျိုးရန် ဧက ၃၇ သိန်းကျော် လျာထားရာ ယခုအခါ ရေတော်မိုးတော် မိုးစပါးများ ဧက ၃၃သိန်းကျော် စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။

ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့သည် စပါးအများဆုံး စိုက်ပျိုးသော ဒေသများဖြစ်ရာ မိုးစပါးများ အချိန်မီ စိုက်ပျိုးနိုင်မှုကြောင့် စပါးအထွက်တိုးရန် အလားအလာကောင်းမွန်သည်။ မိုးစပါးများ သတ်မှတ်လျာထားချက်နှင့်အညီ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိရေး ဆက်လက်ကြိုးပမ်းကြရဦးမည် ဖြစ်သည်။

သီးနှံအထွက်တိုးရေးတွင် မျိုးစပါးသည် အဓိကကျသကဲ့သို့ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ တွဲဖက်သုံးစွဲရေး၊ သီးနှံအလိုက် စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးနှင့် စက်ကိရိယာများ တိုးချဲ့သုံးစွဲရေး စသည်တို့သည်လည်း အရေးပါကြောင်း သိရသည်။

ယခုအခါ နိုင်ငံတော်က မိုးစပါးများ အချိန်မီ စိုက်ပျိုးရေးအတွက် လယ်ယာသုံးစက်ကိရိယာများ၊ ဓာတ်မြေဩဇာနှင့် လယ်ယာစိုက်ပျိုးရေး အခြေခံသွင်းအားစု လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူလယ်သမားများက တမန်းညီ၊ တမန်းကောင်း၊ လက်ဆမှန်၊ ကောက်ကွက်မှန် စိုက်ပျိုးကြပြီး အချိန်ရာသီအလိုက် လုပ်ဆောင်ဖွယ်ရာများကို ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် မိုးစပါးများ တစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိလာမည် ဖြစ်ပါသည်။ ။

လက်ခံယူ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့ သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော် သစ်တင်လှူပူဇော်ရန်အတွက် ရွှေပေါက်ကံမြို့နယ် မင်းလှရဲခေါင် လမ်းနေ ဦးဇော်လင်း - ဒေါ်ရွှေမိ မိသားစုက တတိယ အကြိမ်အဖြစ် အလှူငွေကျပ် ၁၉၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များ ဖြစ်ကြသော ဦးလှမင်း၊ ဦးစိန်ဦးနှင့် ဦးသိန်းဦးတို့ လက်ခံယူစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက် စီမံကိန်းအသစ်များကိုလည်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တည်ဆောက်

နေပြည်တော် ဩဂုတ် ၉

အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၆ ရက်တွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(အမှတ်-၂၊ စက်မှု)

ရှေးဦးစွာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးသိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် လုပ်ငန်း၊စက်ရုံများ အနေဖြင့် လျာထားချက်များပြည့်မီကျော်လွန်ရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စီမံကိန်းသစ်များကိုလည်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ပြီး ထုတ်လုပ်မှုလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ထိုသို့ဆောင်ရွက်ရာတွင်အလေအလွင့် နည်းပါးရေး၊ ခြိုးခြံချွေတာရေးတို့ကို အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ တာဝန်ရှိသူများ အနေဖြင့် စက်ရုံများ စီမံကိန်းများသို့ သွားရောက်စစ်ဆေးရာတွင် လုပ်ငန်းတိုးတက်ပြီးစီးမှုများကိုသာမကငွေကြေးဆိုင်ရာကိစ္စရပ်များပါ စနစ်ကျမှု ရှိ၊ မရှိ စစ်ဆေးရန်ဖြစ်ကြောင်း၊ ဝင်ငွေတိုးတက်ရရှိရေးအတွက်ထုတ်ကုန်ပစ္စည်းများကို အရောင်းသွက်အောင် ဆောင်ရွက်ပြီးဈေးကွက်တွင်ယှဉ်ပြိုင်နိုင်ရေးအတွက် အရည်အသွေးကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ရန် လိုကြောင်း၊ ဝန်ကြီးဌာနအတွင်းရှိ လုပ်ငန်းများအနေဖြင့်လည်း တစ်ဦးကောင်းတစ်ယောက်ကောင်းဆောင်ရွက်နေခြင်းမျိုးမလုပ်ဘဲ အဖွဲ့အစည်းစိတ်ဓာတ်ထားကာ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ ဝန်ကြီးဌာန တိုးတက်ကောင်းမွန်အောင် ကြိုးစား ဆောင်ရွက်စေလိုကြောင်း၊ ရိုးသားဖြောင့်မတ်သော စိတ်ထားဖြင့် ကြိုးကြိုးစားစား ဆောင်ရွက်ရန် အထူးမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများက ရှင်းလင်းဆွေးနွေးကြပြီး ဦးဆောင်ညွှန်ကြားရေးမှူးများက ဌာနအလိုက် ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုနှင့်၂၀၀၈-၂၀၀၉ခုနှစ်အတွက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စက်ရုံအထွေထွေမန်နေဂျာများက၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း စက်ရုံအလိုက်ဆောင်ရွက်မည့်အစီအစဉ်များနှင့်ကုန်ချောပစ္စည်းများအရည်အသွေးကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ စီမံကိန်းတာဝန်ခံများက စီမံကိန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးသိန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး မန္တလေးမြို့နှင့် မုံရွာမြို့ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၉

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်သည် ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။ ထို့နောက် ဦးဆောင် ညွှန်ကြားရေးမှူးသည် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မန္တလေးခရိုင်ခုနစ်မြို့နယ်မှ ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်တွေ့ဆုံပြီး ဗီဒီယိုလုပ်ငန်းများ ဥပဒေ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ဆွေးနွေးမှာကြားသည်။ ယင်းနောက် မန္တလေးမြို့ပေါ်ရှိ မြို့မ၊ ဝင်းလိုက်**(အပေါ်ပုံ)**၊ မြို့ဂုဏ်ရောင်၊ မစိုးရိမ်နှင့် နေပြည်တော် ရုပ်ရှင်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးဆောင် ညွှန်ကြားရေးမှူးသည် ဩဂုတ် ၆ရက်တွင် မုံရွာမြို့ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း(လုပ်ငန်းစုရုံး)၌လုပ်ငန်းစုရုံးနှင့် မော်ကွန်းရုပ်ရှင်ပြသမှုဌာနစုမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စစ်ကိုင်းတိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေး မှာကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တောင်ဥက္ကလာပ မြို့နယ် (၁၂)ရပ်ကွက် မာယ ၆ လမ်းနေ ဦးလှကြည်-ဒေါ်ခင်ရီ၊ သားသမီးမြေးမြစ်တစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာလှမြင့် လက်ခံယူစဉ်။

(ကြေးမုံ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းထံ ဒေးဒရဲမြို့နယ် ပြန်လည် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် M/S Tantia Concrete Products Ltd., India မှ Mr. ADHTR Coli က အလှူငွေကျပ် ၁၁၅ သိန်း ပေးအပ်လှူဒါန်းစဉ်။ (ရထားပို့ဆောင်ရေး)

တိပိဋကကျောင်းတော် ရာသက်ပန်ဆွမ်းပဒေသာပင် အပင် ၁၀၀၀ ပြည့် စုပေါင်းရေစက်ချ လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၉

ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက=နိကာယ သာသနာပြု ဥပဌာကအဖွဲ့(ရန်ကုန်ဌာန)အမှတ်၁၂/၁၆ စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ တိပိဋကကျောင်းတော်၌ ၂၀၀၇ ခုနှစ် မတ် ၁၂ ရက်မှ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်အထိ (၁၅)ကြိမ်နှင့် (၁၆)ကြိမ်မြောက် ဆွမ်းပဒေသာပင် စိုက်ထူထားသော အလှူရှင်များ အနုမောဒနာ ရေစက်ချပွဲ အခမ်းအနားကို (၁၃၇၀ ပြည့်နှစ် တော်သလင်းလဆန်း ၁ရက်) ဩဂုတ် ၃၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည် ဖြစ်သည်။

ဖိတ်စာများကို စာတိုက်မှတစ်ဆင့် ပေးပို့မည်ဖြစ်ပြီး ဖိတ်စာမရရှိသော်လည်း (၁၂-၃-၂၀၀၇မှ ၁၈-၂-၂၀၀၈)ရက်အတွင်း ပဒေသာပင် စိုက်ထူလှူဒါန်းထားသော အလှူရှင်များအားလုံး ရေစက်ချပွဲ အခမ်းအနားသို့ ကြွရောက်နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက်ငွေလှူ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အလှူငွေများလက်ခံ

ရန်ကုန် ဩဂုတ် ၉

ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် M/S Tantia Concrete Products Ltd., India မှ Mr. ADHTR Coli က ဩဂုတ် ၈ ရက်နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမသို့ လာရောက်၍ အလှူငွေကျပ် ၁၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည် ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လမ်းသစ်ဖွင့်ပွဲအခမ်းအနားများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) များဖြစ်ကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ပြီးစီးသော ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက်ရှိ မင်္ဂလာလမ်းသစ်ဖွင့်ပွဲနှင့် (င/ခ)ရပ်ကွက်ရှိ ပြည်ထောင်စုလမ်းသစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်၍ လမ်းသစ်များကို ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ မင်္ဂလာလမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်းသစ်ထိပ်ရှိ မုခ်ဦးရှေ့၌ ကျင်းပရာ မင်္ဂလာအချိန်၌ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ခရိုင်အသင်း အတွင်းရေးမှူး ဦးဇော်အောင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်ဝေတို့က မင်္ဂလာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ ရပ်ကွက်စည်းရုံးရေးမှူး ဦးအောင်မြင့်ကပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၆၈၂ စောင်ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံပြီး အသင်းဝင်အသိအမှတ်ပြုကတ်ပြားများပြန်လည်ပေးအပ်သည်။

လက်ခံယူ

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း မင်္ဂလာလမ်းသစ်နှင့် ပြည်ထောင်စုလမ်းသစ်ဖွင့်ပွဲအပြီးပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာများ လက်ခံယူစဉ်။

(၁၉)

ယင်းနောက် ပြည်ထောင်စုလမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်းသစ်ထိပ်ရှိ မုခ်ဦးရှေ့၌ ကျင်းပရာ မင်္ဂလာအချိန်၌ ဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးညွန့်ရွှေတို့က ပြည်ထောင်စုလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အမှာစကားပြောကြားကာ ရပ်မိရပ်ဖ ဦးမြင့်အောင်က ပေးအပ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ အစောင် ၅၁၀ကိုလက်ခံကာ အသင်းဝင် အသိအမှတ်ပြု ကတ်ပြားများ ပြန်လည်ပေးအပ်သည်။

ဩဂုတ် ၇ ရက်က ဖွင့်လှစ်သော မင်္ဂလာလမ်းသစ်သည် လမ်းအရှည်ပေ ၁၁၅၀ နှင့် အကျယ် ၁၂ ပေရှိပြီး ပြည်ထောင်စုလမ်းသစ်သည် လမ်းအရှည်ပေ ၁၀၀၀ နှင့် အကျယ် ၁၅ ပေရှိကာ ကျောက်ချောကတ္တရာလမ်း အမျိုးအစားဖြစ်၍ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၉)

ကမ္ဘာ့အဆင့်အမြင့်ဆုံး ခရီးသွားလုပ်ငန်းကျွမ်းကျင်သူ ၁၂၈ ဦးအနက်မှ တစ်ဦးအဖြစ် Good News Travels ခရီးသွားလုပ်ငန်း၏ အုပ်ချုပ်မှုဒါရိုက်တာ ရွေးချယ်ခံရ

ရန်ကုန် ဩဂုတ် ၉

"သတင်းကောင်းခရီးသွားလုပ်ငန်း" (Good News Travels)၏ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမြတ်ဝဏ္ဏသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ အခြေစိုက် CONDE' NAST TRAVELER မဂ္ဂဇင်း၏ "ကမ္ဘာ့အဆင့်အမြင့်ဆုံး ခရီးသွားလုပ်ငန်းကျွမ်းကျင်သူ ၁၂၈ ဦး" အနက် (one of the world's 128 top travel specialists)တစ်ဦးအဖြစ် ရွေးချယ်ခြင်းခံရသည်။ ၂၀၀၈ ခုနှစ်၏ကမ္ဘာ့အဆင့်အမြင့်ဆုံး ခရီးသွားလုပ်ငန်းကျွမ်းကျင်သူ ၁၂၈ ဦး၏ စာရင်းကို ဩဂုတ်လထုတ် CONDE' NAST TRAVELER မဂ္ဂဇင်းတွင် ဖော်ပြထားပြီး ဆုရရှိကြောင်းကို ၂၀၀၈ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

CONDE' NAST TRAVELER မဂ္ဂဇင်း၏ ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများ ရွေးချယ်မှုအစီအစဉ်သည် လွန်ခဲ့သော ကိုးနှစ်ကာလက ခရီးသွားလမ်းညွှန်စာအုပ် ဝန်ဆောင်မှု တစ်ခုအဖြစ်သာ စတင်ခဲ့ခြင်းဖြစ်သော်လည်း ယခုအခါ အဆိုပါရွေးချယ်မှုသည် ကမ္ဘာပေါ်ရှိ အတွေ့အကြုံအရင့်ကျက်ဆုံး၊ အသိပညာ အကြွယ်ဝဆုံးနှင့် အထင်ကြီးလေးစားမှု အခံရဆုံးသော "ကမ္ဘာ့အဆင့်အမြင့်ဆုံး ခရီးသွားလုပ်ငန်းကျွမ်းကျင်သူ" တို့၏ စာရင်းအဖြစ် မရှိမဖြစ် အရေးပါလာခဲ့သည်။ CONDE' NAST TRAVELER မဂ္ဂဇင်းသည် လစဉ် ကမ္ဘာအနှံ့ အုပ်ရေရှစ်သိန်း ဖြန့်ချိလျက်ရှိသော မဂ္ဂဇင်းတစ်စောင်ဖြစ်သည်။

သတင်းကောင်း ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံတွင် အဆိုပါဆု လက်ခံရရှိသည့် ပထမဆုံး ခရီးသွားလုပ်ငန်းတစ်ခုဖြစ်သည်။ ဦးမြတ်ဝဏ္ဏသည် ၂၀၀၈ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် နယူးယောက်မြို့ မန်ဟက်တန်ဒေသရှိ Mandarin Oriental Hotel ၌ ကျင်းပမည့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက် ဆုလက်ခံရယူမည် ဖြစ်သည်။

CONDE' NAST TRAVELER မဂ္ဂဇင်း၏ အယ်ဒီတာဖြစ်သူWendy Perrin က "ယခုကဲ့သို့ ကမ္ဘာ့အဆင့်အမြင့်ဆုံးခရီးသွားလုပ်ငန်းကျွမ်းကျင်သူများအဖြစ် ရွေးချယ်ခြင်းခံရသူများသည် အင်တာနက်ဖြင့် ခရီးသွားလုပ်ငန်း ဆက်စပ်ဆောင်ရွက်မှုတွင် အားသာချက်ရှိသူများဖြစ်ပြီး ခရီးစဉ်ဒေသနှင့် ပတ်သက်သော လက်တွေ့ကျသည့် အကြံပြုချက်များ၊ ဒေသတွင်း အဆက်အသွယ်ကောင်းများနှင့် ဝန်ဆောင်ခထက် သာလွန်ပိုမိုသော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်သူများဖြစ်သည်"ဟု သုံးသပ်ပြောဆိုသည်။ ထောင်ပေါင်းများစွာသော ခရီးသွားလုပ်ငန်းများထဲမှ ၁၂၈ ဦးသာလျှင် CONDE' NAST TRAVELER မဂ္ဂဇင်း၏ ကမ္ဘာ့အဆင့်အမြင့်ဆုံး ခရီးသွားလုပ်ငန်းကျွမ်းကျင်သူဆုကို ဆွတ်ခူးရယူနိုင်ခြင်းမှာ ၎င်းတို့၏ ထူးခြားသော ကိုယ်တွေ့အတွေ့အကြုံ ရင့်ကျက်မှုများနှင့် နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ရသော လုပ်ငန်းအသိတရားများကြောင့်ဖြစ်သည်ဟုCONDE' NAST TRAVELER က ကောက်ချက်ချသည်။

အယ်ဒီတာ Wendy Perrin ဦးဆောင်သော CONDE' NAST TRAVELER မဂ္ဂဇင်းမှ အယ်ဒီတာများသည် ဆုရွေးချယ်မှုလုပ်ငန်းတွင် ပါဝင်ခဲ့ကြသူများဖြစ်သည်။ ရွေးချယ်ခြင်းခံရသော ခရီးသွားလုပ်ငန်း ကျွမ်းကျင်သူများသည် တင်းကျပ်သော ရွေးချယ်စီစဉ်မှုများကို ခံယူခဲ့ကြရသည်။ ခရီးစဉ်ရေးဆွဲမှုများနှင့် ကမ္ဘာလှည့်ခရီးသည်များ၏ ထောက်ခံချက်များပါဝင်သော မေးခွန်းများကို ဖြေကြားခြင်း၊ မဂ္ဂဇင်းတာဝန်ရှိသူများ၏ ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းစစ်ဆေးခြင်းများပြီးစီး၍ ကျေနပ်မှုရရှိမှသာ ရွေးချယ်ခြင်းခံခဲ့ရခြင်းဖြစ်သည်။ ဆုရွေးချယ်သူများသည် ခရီးစဉ်ဒေသများသို့ ကမ္ဘာလှည့်ခရီးသည်များ သွားရောက်သကဲ့သို့ သွားရောက်လေ့လာသုံးသပ်ကာ ခရီးသွားလုပ်ငန်း ကျွမ်းကျင်သူများနှင့် ပတ်သက်သော အကောင်းအဆိုးများကို ဘက်လိုက်ခြင်းမရှိဘဲ မျှတမှုရှိရှိ၊ ရိုးသားစွာ တင်ပြအကဲဖြတ် ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

"သတင်းကောင်းခရီးသွားလုပ်ငန်း" ရုံးချုပ်သည် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်တွင် တည်ရှိပြီး မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသကြီးများတွင် ရုံးခွဲများ ဖွင့်လှစ်ထားရှိသည်။ ဦးမြတ်ဝဏ္ဏသည် ၁၉၉၈ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံမှ ချီးမြှင့်သော ပညာသင်ဆုဖြင့် Tourism Marketing Planning ဘာသာရပ်ကို ဥရောပနိုင်ငံများတွင် လေ့လာဆည်းပူးခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် "သတင်းကောင်း ခရီးသွားလုပ်ငန်း"ကို စတင်တည်ထောင်ခဲ့သည်။ သတင်းကောင်းခရီးသွားလုပ်ငန်းသည် ကမ္ဘာလှည့်ခရီးသည်များအကြား အထူးရေပန်းစား နာမည်ကျော်ကြားသည့် ခရီးသွားလမ်းညွှန် စာအုပ်ဖြစ်သော Lonely Planet ၏ ၂၀၀၅ ခုနှစ်ထုတ် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ၁၂ခုအနက်မှတစ်ခုတည်းသော အထူးထောက်ခံချက် Recommended ရရှိသော ကုမ္ပဏီတစ်ခုဖြစ်သည်။

"သတင်းကောင်းခရီးသွားလုပ်ငန်း" ကို ရန်ကုန်မြို့ အမှတ်(၃၈၀) ဗိုလ်ချုပ်အောင်ဆန်းလမ်း ပန်းဘဲတန်းမြို့နယ်ရှိ FMI စင်တာ၏ စတုတ္ထထပ် အခန်းအမှတ်(၁၈)တွင် ဖွင့်လှစ်ထားပြီး ဖုန်း-၃၇၅၀၅၀၊ e-mail လိပ်စာမှာ goodnewstravels@gmail.com နှင့် Website လိပ်စာမှာ www. myanmargoodnewstravel. com ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

❁ လပွတ္တာမြို့နယ်မှ

သီတဂူဆရာတော် ဦးဆောင်သော သီတဂူသာသနာပြုအဖွဲ့မှ လပွတ္တာမြို့နယ်အတွင်းရှိ ရဟန်းရှင်လူများအတွက် သင်္ကန်းများနှင့် ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းနှင့် လပွတ္တာပြည်သူ့ဆေးရုံသို့ အမေရိကန်ဒေါ်လာ ငါးသောင်းတန်ဖိုးရှိသော ဆေးရုံသုံးပစ္စည်းများ လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် သီတဂူဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာအရှင်ဉာဏိဿရက လပွတ္တာမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၅၈ ကျောင်းမှ သံဃာတော်များအတွက် လှူဒါန်းသည့် သင်္ကန်းအစုံ ၂၂၀၀ နှင့် ဆေးဝါးပစ္စည်းမျိုးစုံ၊ လပွတ္တာမြို့ ပြည်သူ့ဆေးရုံသို့ အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းမျိုးစုံတို့ကို လှူဒါန်းမှုနှင့် ပတ်သက်၍ ဩဝါဒကထာမြွက်ကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုက သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ တိုင်းမှူး၊ ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သီတဂူအလှူရှင်များက ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား သင်္ကန်း၊ ဆေး အစရှိသော လှူဖွယ်ပစ္စည်းများကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သီတဂူသာသနာပြုအဖွဲ့ အတွင်းရေးမှူး ဦးဟန်၊ အဖွဲ့ဝင် ဦးမောင်မောင်အေးနှင့် အလှူရှင်များက လပွတ္တာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၅၈ ကျောင်းမှ သံဃာတော်များအတွက် သင်္ကန်း၊ ဆေး အစရှိသော လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိသော ဆေးရုံသုံးပစ္စည်းများကို အလှူရှင် ဂျာမနီနိုင်ငံသူ ဒေါ်ဥပ္ပလဝဏ္ဏက လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်းထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရထံ ဂုဏ်ပြုမှတ်တမ်းလွှာကို ဆက်ကပ်ပြီးနောက် ကျေးဇူးတင်စကား ပြန်လည်လျှောက်ထားသည်။

ထို့နောက် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက သာဓုအနုမောဒနာတရားဟောကြားပြီး ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အလှူပစ္စည်းများကို လှည့်လည်ကြည့်ရှုရာ သီတဂူသာသနာပြုအဖွဲ့ဝင် အာရုတော်ဝင်ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်သူက ဆေးရုံသုံးပစ္စည်းများနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းတင်ပြပြီး ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ ဆိပ်ကမ်းသို့ရောက်ရှိပြီး အသစ်ရောက်ရှိလာသော ဆိပ်ခံဖောတံတားကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လပွတ္တာမြို့နယ် ဘုရင့်နောင်ရိပ်သာ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာတွင် လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးက မုန်တိုင်းဒဏ်ကြောင့် မြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများ၊ မြို့နယ်အတွင်း ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် လပွတ္တာမြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးဟန်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လပွတ္တာမြို့နယ်အတွင်း ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါး လျာထားဧက ၃၆၃၇၀၂ ဧကဖြစ်ပြီး စိုက်ပျိုးပြီးစီးမှုမှာ ဧက ၂၆၁၈၀၀ ဖြစ်ရာ စုစုပေါင်း လျာထားဧက၏ ၇၁ ဒသမ ၉ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပြီဖြစ်၍ ကျန်ရှိဧကများအား ခိုင်းကျွဲ၊ ခိုင်းနွား ၈၉၃ ကောင်နှင့် လယ်ယာလက်တွန်းထွန်စက် အစီး ၃၅၇၀ ဖြင့် အင်တိုက်အားတိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး လျာထားဧကများကို အချိန်မီ အပြီးသတ်စိုက်ပျိုးနိုင်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာအုပ်စု၊ ရှုခင်းသာကျေးရွာရှိ ဦးမြင့်အောင်၊ ဒေါ်ရီရီသန့်မိသားစု ကြက်မွေးမြူရေးခြံသို့ရောက်ရှိပြီး မြောင်းမြခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာဒေါ်ကြည်ကြည်သိန်းက မြောင်းမြမြို့နယ်အတွင်း မွေးမြူရေးဆိုင်ရာလုပ်ငန်းများ၊ ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြောင်းမြမြို့နယ်သည် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့ (F.A.O) မှ ချီးမြှင့်သော ဆုများဖြစ်သည့် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၁၆ ရက် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် ဒေသကြက်မွေးမြူရေးဖွံ့ဖြိုးမှု အထူးချွန်ဆုံးဆု (မြို့နယ်ဆု) ပထမဆုနှင့် ၂၀၀၅ခုနှစ် အောက်တိုဘာ ၁၆ ရက် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် ဒေသကြက်မွေးမြူရေးဖွံ့ဖြိုးမှု အထူးချွန်ဆုံးဆု (မြို့နယ်ဆု) ဒုတိယဆုကို နှစ်ကြိမ်တိုင်တိုင်ရရှိသော မြို့ဖြစ်သည်။

ထို့အပြင် သားငါးထုတ်လုပ်မှုကဏ္ဍတွင်လည်း မြောင်းမြမြို့နယ်သည် ရန်ကုန်မြို့သို့ နေ့စဉ်ဝက်သား ပိဿာ ၁၈၇၅၀၊ ကြက်ဥအလုံးရေ ၄၀၀၀၀နှင့် ဘဲဥအလုံးရေ ၂၅၀၀၀ နေ့စဉ် ပုံမှန်တင်ပို့လျက်ရှိသည့်အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မုန်တိုင်းဒဏ်ကြောင့် မြောင်းမြခရိုင်အတွင်း ခိုင်းကျွဲ၊ ခိုင်းနွား သေဆုံးမှုများကို အစားထိုး ဖြည့်ဆည်းနိုင်ရေးအတွက် လပွတ္တာ-မြောင်းမြလမ်း မိုင်တိုင်အမှတ် (၀၉/၂)တွင် စံပြကျွဲမွေးမြူရေးစခန်း ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့သည် ဥစားကြက်မကောင်ရေ ၃၅၀၀၀ မွေးမြူထားပြီး နေ့စဉ်ကြက်ဥ အလုံး ၁၈၀၀၀ ထွက်ရှိနေသော ဦးမြင့်အောင်၊ ဒေါ်ရီရီသန့်မိသားစု ကြက်မွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြောင်းမြမြို့ စက်မှုဇုန်ရှိ ဆန်စက်ဆိပ်ကမ်းတွင် ဧရာဝတီတိုင်း ရေလုပ်သားများအတွက် ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော အလျား ၂၁ ပေရှိ ဦးချွန်းပဲ့ချွန်း လှေတည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

မြောင်းမြမြို့ စက်မှုဇုန်တွင် ဒေသခံရေလုပ်သားများအတွက် ပဲခူးတိုင်းမှ လုပ်သားအင်အား ၅၀ဖြင့် လှေများတည်ဆောက်လျက်ရှိရာ ငါးဖမ်းလှေအစင်း ၅၀၀ တည်ဆောက်ရန် လျာထားသည့်အနက် ၄၉၁ စင်း ပြီးစီး၍ ဒေသခံရေလုပ်သားများထံသို့ လှေ ၃၂၃ စီး ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်သည်။ ဖြန့်ဖြူးပေးရန် ကျန်ရှိသောလှေများအား ဆက်လက်ဖြန့်ဖြူးရန် စီစဉ်လျက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့သည် မြောင်းမြမြို့ စက်မှုဇုန်အတွင်းရှိ စပါးခွံဓာတ်ငွေ့လောင်စာဖြင့် လည်ပတ်နေသော ကျော်ဆန်စက်တွင် သဘာဝဘေး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ထောင်ရေး လုပ်ငန်းများအတွက် ရိက္ခာဆန်များ ကြိတ်ခွဲနေမှု၊ ထွက်ရှိလာသော ဆန်အရည်အသွေး၊ ရေစိုစပါးများ ကြိတ်ခွဲနေမှု၊ ငစိန်၊ ပေါ်ဆန်း၊ နှံကားစသည့် မျိုးစပါး တင်း ၁၀၀၀၀၀ သိုလှောင်ထားရှိမှု၊ မြောင်းမြခရိုင်အတွင်း သိုလှောင်ထားရှိသော အရန်ဆန် တင်း ၁၂၉၀၀၀ သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြောင်းမြခရိုင်အတွင်း၌ရှိသော ဆန်စက် ၃၆ လုံးသည် အားလုံးလည်ပတ်လျက်ရှိပြီး ဧရာဝတီတိုင်းအတွင်း၌လည်း ဆန်စက်စုစုပေါင်း ၅၂၀၄ လုံးရှိရာတွင် ယခုအခါဆန်စက် ၄၈၁၂ လုံး လည်ပတ်လျက်ရှိသည်။ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် နိုင်ငံတော်မှ ထောက်ပံ့ဆန် ၁၂၂၆၄ ဒသမ ၄၅ တန်နှင့် ပြည်တွင်း ပြည်ပ အလှူရှင်များက လှူဒါန်းဆန် ၁၁၄၁၃ ဒသမ ၈ တန် စုစုပေါင်း ဆန်တန်ချိန် ၃၃၆၇၈ ဒသမ ၂၅တန် ထောက်ပံ့ပေးခဲ့ပြီး ယခုအခါ ဧရာဝတီတိုင်းအတွင်း အရန်စပါးတင်းပေါင်း ၆၅၈ သိန်းနှင့် အရန်ဆန် ၂၃၈၉၆ တန် သိုလှောင်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သဲကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဩဂုတ် ၆ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဘေလီတံတားအနီးရှိ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာ့ဗိမာန်တော်တွင်ကျင်းပရာ အဂ္ဂမဟာပဏ္ဍိတ ဗဟုဇနဟိတဓရ သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt) (Ph.D) အမှူးပြုသော သံဃာတော်များအား အသင်းသား၊ အသင်းသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြစဉ်။ (ကြေးမုံ)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ပြန်ကြားရေးနှင့် ဆောက်လုပ်ရေးတို့ အနိုင်ရရှိ

နေပြည်တော် ဩဂုတ် ၉

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို နေပြည်တော် ဘောလုံးကွင်းနှင့် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်းတို့၌ ယနေ့ညနေ ၃ နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးကွင်း၌ (ဂ)အုပ်စုတွင် ပြန်ကြားရေးဝန်ကြီးဌာန ဘောလုံးအသင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနဘောလုံးအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ပေါင်းလောင်း အားကစားကွင်း၌ (ဂ)အုပ်စုတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဘောလုံးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ပြိုင်ပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ ပြန်ကြား ရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

၁၁-၈-၂၀၀၈

(နေပြည်တော်ကွင်း)

အုပ်စု (ဃ)

အားကစား နှင့် စီမံ/စီးပွား

(ပေါင်းလောင်းကွင်း)

အုပ်စု (ဃ)

နယ်စပ်/စည်ပင် နှင့် သမဝါယမ

(၁၀၇)

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို နေပြည်တော် အားကစားပြိုင်ကွင်း၌ ကျင်းပရာ (ဂ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမီး၏

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၈-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "ချစ်ပန်းသက်သေ"**
၁း၅၀ ၆။ အမျိုးသားရေး တေးကဗျာ
၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၀ ၆။ အမျိုးသားရေး တေးကဗျာ
၄း၃၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၄း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၉။ သံစဉ်များနဲ့ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
၆း၃၅ ၁၃။ အံ့ဩဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်တွင်တဲ့ သူရဲကောင်း" အပိုင်း(၉၃)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ ပဟေဠိနန်းတော်
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ဖြူစင်ခြင်း၏ နောက်ကွယ်" အပိုင်း(၁၂)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်သော ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၉

၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက် အလုပ်ရုံ အမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက အမှာစကားပြောကြားပြီး သုံးဘာသာဂုဏ်ထူး ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများက နှစ်ဘာသာနှင့်တစ်ဘာသာ ဂုဏ်ထူးရရှိကြသောကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ကြသည်။

ထို့နောက်ဆုရကျောင်းသား ကျောင်းသူများကိုယ်စား သုံးဘာသာဂုဏ်ထူး ရှင် မောင်ကောင်းမြတ်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနကုန်းလမ်းပို့ဆောင်ရေးအောက်ရှိ ဝန်ထမ်းများ၏ သားသမီးများသည် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာနှစ်ဦး၊ ငါးဘာသာတစ်ဦး၊ လေးဘာသာနှစ်ဦး၊ သုံးဘာသာလေးဦး၊ နှစ်ဘာသာ နှစ်ဦး၊ တစ်ဘာသာ ၁၆ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၃၁ဦး အောင်မြင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၈-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဘိက္ခုနီတို့ တရား ရခန်း"တရားတော် (ရွှေမိုးညိုဆရာတော် အရှင်ဇာနေယျ)
၈း၀၀ - ၂း၀၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၃၅ - ၂း၃၅	တေးဂီတအစီအစဉ်
၈း၄၀ - ၂း၄၀	စိတ်၏ငြိမ်းအေးရာနေရာ
၉း၀၀ - ၃း၀၀	Yangon Panorama (City Mart Super Market အလှူငွေပေးအပ်ပွဲအခမ်းအနား)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	စားဖွယ်ဖုံဖုံမုန့်မျိုးစုံ (ဆေးဖက်ဝင်ပင်ပွားကျောက်ကျော၊ Mango ပူတင်း ဂျယ်လီကျောက်ကျော)
၉း၄၅ - ၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	တီထွင်ဖန်တီးဆန်းသစ်စေမှာ ကလေးများရဲ့ကမ္ဘာ
၁၀း၁၀ - ၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ - ၄း၁၅	ခေတ်မီတိုးတက်တီထွင်ချက် ရေမော်တာအလိုအလျောက်ထိန်းချုပ်စက်
၁၀း၃၅ - ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	ပျော်ရွှင်စရာ UTOPIA Tower
၁၁း၀၀ - ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ - ၅း၀၅	ဂုဏ်ယူဖွယ်ရာ မြန်မာ့လက်မှုပန်းပုပညာ
၁၁း၁၅ - ၅း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	သွားမယ် စားမယ် (COM FOOD & DRINK)
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	အစဉ်အလေးထားပေး ကျောင်းကျန်းမာရေး
၁၂း၁၀ - ၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅ - ၆း၁၅	အံ့ဖွယ်ထူးခြားဖြစ်စဉ်များနဲ့ ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ
၁၂း၃၀ -၆း၃၀	Biz Net
၁၂း၄၀ -၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅ -၆း၄၅	အသက်ကလေးရယ်တဲ့ရှည်စေလို (ဦးအောင်လွင်၊ ဦးကြည်စိုး၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

နေ့လယ်	အကြောင်းအရာ	ပြသမည့်လိုင်း
၂း၀၀	**Beijing Olympic 2008** ဖွင့်ပွဲအခမ်းအနား	MRTV-4 (Delay)
၃း၃၀	**Beijing Olympic 2008** အားကစားပြိုင်ပွဲ အစီအစဉ်များ	MRTV-4 (Live)

✻ ရှမ်းပြည်နယ်မှ

မျိုးစေ့ထုတ်ပြောင်း စိုက်ပျိုးမှု မှတ်တမ်း ဓာတ်ပုံများနှင့် ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ် မင်းအောင်လှိုင်သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူစံပြဧက ၁၀၀ စိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူမှ ဇီဝဘိုင်အိုဒီဇယ်ဆီထုတ်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ် မင်းအောင်လှိုင်သည် ဩဂုတ် ၈ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် လားရှိုးမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည့်ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ၂၀၀၇-၂၀၀၈ ခုနှစ် စိုက်ပျိုးရေး ထူးချွန်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပညာရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် မင်းအောင်လှိုင်က ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွက် ဆေးပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်ရာ ပြည်နယ်ကျန်းမာရေးမှူး ဒေါက်တာစိုင်းစံဝင်းနှင့် ပြည်နယ်အားကစားမှူး ဦးတင်မောင်ရီတို့က လက်ခံကြသည်။

ထူးချွန်ဆုများချီးမြှင့်

ယင်းနောက် စိုက်ပျိုးရေးထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ရာ ဗိုလ်ချုပ်မင်းအောင်လှိုင်က ပြည်နယ်တစ်ခုလုံးတွင် နွေစပါး စိုက်ပျိုးထုတ်လုပ်မှု အမြင့်ဆုံးဆုရရှိသည့် မူဆယ်ခရိုင်၊ နွေစပါး စိုက်ပျိုးထုတ်လုပ်မှုတွင် ပြည်နယ်အဆင့် ပထမဆုရ နမ့်ခမ်းမြို့နယ်၊ ဒုတိယဆုရ မဘိမ်းမြို့နယ်၊ တတိယဆုရ မူဆယ်မြို့နယ်၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ပထမဆုရ နောင်ချိုမြို့နယ်၊ ဒုတိယဆုရ သီပေါမြို့နယ်၊ တတိယဆုရ မဘိမ်းမြို့နယ်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်နယ်အဆင့် နွေစပါးတင်း ၂၇၀ အထက်ထွက်ရှိသည့် တောင်သူများ၊ ဒေသအလိုက် နွေစပါး အများဆုံးထွက်ရှိသည့် တောင်သူများနှင့် သုံးသီးစားစနစ်ဖြင့် ဝင်ငွေအများဆုံးထွက်ရှိသည့် တောင်သူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ပြီး ကျောက်မဲမြို့နယ်မှ တောင်သူ ဦးကျော်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးအမျိုးမျိုးနှင့် ပျိုးပင်စိုက်လယ်ယာသုံး စက်ကိရိယာများ၊ ထွန်စက်များကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး တိုင်းမှူးထံ အားကစားပစ္စည်းများကို ပေးအပ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၁ ရပ်ကွက် (သိမ်ချောင်း) တိုင်တစ်ရာ အရှေ့ကျောင်းကြီး အမှတ်(၄) ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် မိုးကာအင်္ကျီနှင့် ကျောင်းသုံးပစ္စည်းများကို အလှူရှင် ချီကျိုဗုဒ္ဓဘာသာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက လာရောက် လှူဒါန်းရာ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ဇိနောဒယ (ဓမ္မာစရိယ၊ ဘီအေ) (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) (နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်) လက်ခံယူစဉ်။ (ကြေးမုံ)

တာမွေမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၇-၂၀၀၈ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂ ရက်ကကျင်းပရာ အလှူရှင် ဆရာခို၏သမီးများ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ရွှေကြာပဒုမ္မာ ဆေးတိုက်၏ မိခင်ကြီးဒေါ်သန်းညွန့်က ခြောက်ဘာသာဂုဏ်ထူးရှင် မောင်မြတ်ဖြိုးအောင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန အဌမအကြိမ် ဓမ္မစကြာရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၉

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန အဌမအကြိမ် ဓမ္မစကြာ ဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ပညာရေးဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားသို့အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ/ဘဏ္ဍာ)နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌနှင့် ပြိုင်ပွဲအကဲဖြတ်အဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ရန်ကုန်တိုင်း ခရိုင်လေးခရိုင်ကိုယ်စားပြု ပြိုင်ပွဲဝင် အခြေခံပညာကျောင်း ဝတ်ရွတ် အသင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ချီးမြှင့်

ထို့နောက် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဦးစဏ်းအောင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရကျောင်းသားနှင့် ကျောင်းသူအသင်းများ၊ အမွှမ်းရွတ်ဆိုမှု ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)** (သတင်းစဉ်)

မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၉

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ယဉ်ကျေးမှုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ဩဂုတ် ၇ ရက် နံနက် ၉နာရီက မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းက ကြီးမှူး၍ ကမ္ဘာ့မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနား ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့် သားဖွားအသင်းဗဟိုမှ ပါမောက္ခ ဒေါက်တာ နန်းထွမ်းလှ **(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက မိခင်နို့စနစ်တကျတိုက်ကျွေးရေး ပညာပေး ဟောပြောကြကြောင်း သိရသည်။ (ပြန်/ဆက်)

မူးယစ်ကင်းစင် အလှဆင်

တာဝန်ကိုယ်စီရှိကြသည်

စန္ဒာခင်(ရှေးဟောင်းသုတေသန)

ကမ္ဘာပေါ်ရှိ လူသားတိုင်းတွင် မွေးဖွားရာ တိုင်းပြည်နှင့် လူမျိုး(အမျိုးအနွယ်)ဟူ၍ ရှိကြပါသည်။ ကမ္ဘာ့နေရာဒေသ အနှံ့အပြားတွင် လူမျိုးအလိုက်၊ နိုင်ငံအလိုက်၊ နယ်နိမိတ်များ အစဉ်အဆက် သတ်မှတ်ထားခဲ့ကြသည့်အပြင် ၎င်းနိုင်ငံ၏ လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါသည်။ သို့မှသာ နိုင်ငံအလိုက်၊ လူမျိုးအလိုက် ကိုယ်ပိုင် ယဉ်ကျေးမှုဟူ၍ ဖော်ထုတ်ပြသနိုင်မည်ဖြစ်သည်။ လူမျိုးတိုင်း၊ နိုင်ငံတိုင်းသည် ကမ္ဘာဦး အစကပင် ဖြစ်ပေါ်တည်ရှိလာခဲ့ကြောင်း အပြိုင်အဆိုင် ကြွေးကြော်နေကြပါသည်။ ဤကဲ့သို့ လူမျိုးအလိုက် ကိုယ်ပိုင်ယဉ်ကျေးမှုကို ဖော်ထုတ်ပြသခြင်းဖြင့် ရှည်လျားသော ယဉ်ကျေးမှုသမိုင်းကြောင်း ရှိခဲ့သည်ဟု သက်သေထူလာကြပါသည်။

ဤနေရာတွင် အရေးကြီးဆုံးကိစ္စတစ်ရပ်မှာ သက်သေထူနိုင်ရန်အတွက် သက်သေပြနိုင်သော အထောက်အထားပစ္စည်း လိုအပ်ခြင်းဖြစ်ပါသည်။ မိမိလူမျိုးသည် ရှေးနှစ်ပေါင်းမည်မျှခန့်က မည်သည့်နေရာတွင် နေထိုင်ကျက်စားခဲ့ပြီး ယဉ်ကျေးမှုတစ်ရပ်ထွန်းကားခဲ့ပါသည်ဟူ၍ ကြေညာလိုပါက ၎င်းကာလ၏ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်း တစ်စုံတစ်ရာကို ရည်ညွှန်း၍ သက်သေပြရပါလိမ့်မည်။ အဆိုပါ သက်သေခံ ရှေးဟောင်းပစ္စည်းကိုလည်း နိုင်ငံအသီးသီးမှ ရှေးဟောင်းသုတေသန ပညာရှင်များက ခေတ်မီသိပ္ပံနည်းပညာများဖြင့် ခွဲခြားဆန်းစစ်ပြီး ရှုထောင့်ပေါင်းစုံမှနေ၍ သုံးသပ်ပြီးမှသာ အတည်ပြုချက်တစ်ခု ရရှိမည် ဖြစ်ပါသည်။

ဗိဿနိုးမြို့ဟောင်းမှ တူးဖော်တွေ့ရှိရသော အဆောက်အအုံနှင့် အရိုးအိုးများ။

မြန်မာလူမျိုးတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်နယ်နိမိတ်တို့ဖြင့် ရှေးနှစ်ပေါင်းများစွာကပင် နေထိုင်လာခဲ့ကြောင်း ယခု မျက်မြင်တွေ့ရှိနေရသည့် မြေပေါ်ယဉ်ကျေးမှု အမွေအနှစ်များက သက်သေခံလျက် ရှိပါသည်။ ထို့အပြင် မြေအောက်မှ တူးဖော်ရရှိခဲ့သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကလည်း အထင်အရှား သက်သေခံလျက် ရှိပါသည်။ အဆိုပါ ရှေးဟောင်းပစ္စည်းများကို ယဉ်ကျေးမှုဇုန်အသီးသီးတွင် ဖွင့်လှစ်ပြသထားသည့် ယဉ်ကျေးမှုပြတိုက်များတွင် လေ့လာတွေ့ရှိနိုင်ပါသည်။

အီဂျစ်နိုင်ငံ ဖာယွန်ဒေသတွင် တွေ့ရှိခဲ့သော နှစ်ပေါင်း၃၃သန်း သက်တမ်းရှိသည့် ပရိုင်းမိတ်များထက် မြန်မာနိုင်ငံ ပုံတောင်ဒေသမှ တွေ့ရှိခဲ့သည့် ပရိုင်းမိတ်များသည် နှစ်ပေါင်းခုနစ်သန်း ပိုမိုရှေးကျကာ နှစ်သန်းပေါင်း ၄၀ သက်တမ်းရှိကြောင်း ပြင်သစ်ပညာရှင်များနှင့် အမေရိကန် ပညာရှင်များက ကမ္ဘာသိကြေညာခဲ့ကြသည်။ ၂၁-၅-၁၉၉၇ ရက်နေ့ထုတ် Time မဂ္ဂဇင်းတွင် **"လွန်ခဲ့သောအပတ်က မြန်မာနှင့်နိုင်ငံတကာ သိပ္ပံပညာရှင်များက မနုဿဗေဒလောကကို မွှေနှောက်လှုပ်ယမ်းလိုက်သည်။ လွန်ခဲ့သော နှစ်သန်းပေါင်း (၄၀) က အဆင့်မြင့် ပရိုင်းမိတ်ရုပ်ကြွင်းများကို မြန်မာနိုင်ငံတွင် တွေ့ရှိရသည်ဟု သူတို့က ကမ္ဘာကို ကြေညာလိုက်၏။ လူ၏မူလဇာစ်မြစ်ကို အာဖရိကမှ အရှေ့တောင်အာရှသို့ ပြောင်းရွှေ့လိုက်ခြင်းဖြစ်သည်"** ဟုရေးသား ဖော်ပြခဲ့ပါသည်။ ထို့အပြင် ၅-၉-၁၉၉၇ ရက်နေ့ထုတ် Time မဂ္ဂဇင်းတွင် **"မြန်မာအရိုးများက အာဖရိကဇာစ်မြစ်ကို စိန်ခေါ်လိုက်သည်"** ဟု ရေးသားဖော်ပြခဲ့ကြသည်။ မြန်မာလူမျိုးတိုင်းအတွက် ဂုဏ်ယူစရာဖြစ်သကဲ့သို့ အာရှတိုက်ကြီး တစ်ခုလုံးအနေဖြင့်လည်း ဂုဏ်ယူစရာဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ခေတ်အလိုက် ဖြစ်ပေါ်ထွန်းကားခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များကို ယနေ့တိုင် မျက်မြင်တွေ့ရှိရပါသည်။ အချို့နေရာများတွင် ဂုဏ်ယူဖွယ်တွေ့မြင်ရသလို အချို့နေရာများတွင် ဝမ်းနည်းဖွယ် တွေ့မြင်ခံစားရပါသည်။ ဝမ်းနည်းဖွယ်ဟု ဆိုရာတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရခြင်းသာမကဘဲ လူသားများကြောင့် ပျက်စီးဆုံးရှုံးသွားရခြင်းများပင် ဖြစ်ပါသည်။ လူသားများကြောင့်ဟု ဆိုရာတွင် နှစ်မျိုးနှစ်စားတွေ့ရမည်ဖြစ်ရာ တစ်မျိုးမှာ မသိနားမလည်သော လူသားများနှင့် ကျန်တစ်မျိုးမှာ နားလည်တတ်ကျွမ်းပြီး ကိုယ်ကျိုးအတွက် မှောင်ခိုရောင်းစားသော လူသားများဟူ၍ ဖြစ်ပါသည်။

မသိနားမလည်မှုများကြောင့် ရှေးဟောင်းဘုရားပုထိုးများ၊အဆောက်အအုံများနှင့် နံရံဆေးရေး ပန်းချီများပေါ်တွင် ရေးခြစ်ခြင်း၊ လက်များဖြင့် ပွတ်သပ်ခြင်း၊ အသိမဲ့သဒ္ဓါလွန်ကဲခြင်းကြောင့် ထုံးသင်္ကန်းကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ ယုံကြည်ကိုးကွယ်မှုအရ ပြင်ဆင်မွမ်းမံခြင်း၊ ရွှေ့ပြောင်းဆောက်လုပ်ခြင်းစသည့် အချက်များပါဝင်ပါသည်။ ရှေးဟောင်းပစ္စည်း၏ တန်ဖိုးကိုနားလည်ပြီး ကိုယ်ကျိုးစီးပွားတစ်ခုတည်းအတွက် ပြည်ပဈေးကွက်သို့ နည်းမျိုးစုံဖြင့် မှောင်ခိုရောင်းစားနေသူများကိုလည်း နေရာအနှံ့တွင် တွေ့မြင်ကြားသိနေရပါသည်။ တာဝန်ရှိဌာနဆိုင်ရာများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖော်ထုတ် ဖမ်းဆီးရမိသော ဖြစ်စဉ်များလည်း မကြာခဏ ပေါ်ပေါက်လျက်ရှိပါသည်။

သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး ကြီးမားလှသည့်ပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိခဲ့သဖြင့် ဖြစ်စဉ်များဖော်ပြကာ အများပြည်သူများ သိရှိနိုင်ရန် ပြတိုက်များတွင် ပြသထားလျက်ရှိပါသည်။ အမျိုးသားရေးစိတ်ဓာတ်နိမ့်ပါးသူများ၏ လောဘတက်မှုကြောင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ဆုံးရှုံးမှုမရှိစေရန် အမျိုးသားရေးအသိစိတ်ရှိသော ပြည်သူများက ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာသို့ ကြိုတင်သတင်းပေးခြင်းတို့ဖြင့် ကာကွယ်တားဆီးသွားရန် လိုအပ်လျက်ရှိပါသည်။

ရှေးဟောင်းအမွေအနှစ်ပစ္စည်းများသည် နှစ်ကာလကြာရှည်လာမှု၊ သဘာဝဘေးအန္တရာယ်၊ ရာသီဥတုဒဏ်စသော အချက်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းကို ကာကွယ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နေသလို လူသားများကြောင့် ဆုံးရှုံးရခြင်းကိုလည်း အထူးအလေးပေး ဂရုပြုထိန်းသိမ်းသွားရမည် ဖြစ်ပါသည်။ ဤသို့ အလေးပေး ထိန်းသိမ်းကာကွယ်မှုများကို ထိထိမိမိ မလုပ်ဆောင်နိုင်ပါက နောင်နှစ်ပေါင်းများစွာကြာမြင့်ခဲ့သော် မြန်မာတို့တွင် ရှည်လျားသောယဉ်ကျေးမှုသမိုင်းကြောင်းရှိခဲ့သည်ဟု ဂုဏ်ယူဝံ့ကြွားနိုင်ရန်အတွက် သက်သေခံပစ္စည်းများ ပျောက်ပျက်သွားနိုင်ပါသည်။

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု (Culture)ဆိုသည်မှာ မွေးဖွားချိန်မှ သေဆုံးချိန်အထိ လူသားတို့ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်းများ၊ ပြောဆိုခဲ့

ပျူခေတ်လက်ရာ ရွှေနယားခေါင်း လက်ကြပ်။

သော ဘာသာစကား၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည်ကိုးကွယ်မှု၊ လူမှုဆက်ဆံရေးစနစ်၊ ရိုးရာဓလေ့ထုံးစံများ၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ လက်မှုပညာနှင့် အနုသုခုမပညာတို့ ပေါင်းခြုံထားခြင်းဖြစ်သည်ဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည်ဟု သတ်မှတ်ခံရပါက အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် ပါဝင်သောအချက်များအားလုံး အကျုံးဝင်ပါသည်။

ယနေ့ခေတ်ကာလသည် သိပ္ပံနှင့်နည်းပညာများ၊ သတင်းနှင့်လူထုဆက်သွယ်ရေးအတတ်ပညာများ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာနေမှုကြောင့် အကျိုးရလဒ်များရှိသကဲ့သို့ အနုတ်ရလဒ်များလည်း အများအပြားရှိနေကြောင်း မြင်တွေ့ခံစားနေကြရပါသည်။ နည်းပညာနှင့်အတတ်ပညာဖွံ့ဖြိုးလာမှုကြောင့် နိုင်ငံတိုင်းသည် နယ်နိမိတ်မရှိသလို၊ အကာအကွယ်မဲ့သလို ခံစားမှုမျိုးကိုလည်း တွေ့ကြုံနေကြရပါသည်။ ထို့ကြောင့် နိုင်ငံအသီးသီး၏ ယဉ်ကျေးမှုများသည်လည်း အတားအဆီးအကာအရံမရှိသကဲ့သို့ အမြန်အဆန် ထိုးဖောက်ဝင်ရောက် ရောယှက်လာနေသည်ကို ကမ္ဘာအနှံ့အပြားတွင် မျက်ဝါးထင်ထင် မြင်တွေ့နေရပါသည်။

ဤကဲ့သို့ နိုင်ငံတစ်ခုနှင့်တစ်ခု၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ယဉ်ကျေးမှုများ အချိန်တိုအတွင်း ရောယှက်ဆက်နွှယ်မှုကို (Cross Culture)ဟု

မြင်းကပါဂူပြောက်ကြီးဂူဘုရား။

ခေါ်ဆိုပါသည်။ ယခုအချိန်ကာလတွင် ကမ္ဘာနှင့်အဝန်း (Cross Culture) နှင့် ပတ်သက်၍ စိုးရိမ်ထိတ်လန့်မှုတွေ တစ်စထက်တစ်စ ကြီးထွားလာနေပါသည်။ အာဆီယံဒေသအပါအဝင် အခြားဒေသများမှာလည်း (Cross Culture)ဆိုသော အကြောင်းအရာကို ရှေ့တန်းတင်လာကြပြီး ကျယ်ပြန့်စွာ ဆွေးနွေးတိုင်ပင်လာကြပါသည်။ အဆိုပါ အခြေအနေမျိုး ပေါ်ပေါက်လာရခြင်းသည် "ဂလိုဘယ်လိုက်ဇေးရှင်း"၏ နောက်ဆက်တွဲ အနုတ်ရလဒ်များပင်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာတွင် ကြုံတွေ့နေရသကဲ့သို့ (Cross Culture)၏ လွှမ်းမိုးလာမှုများကို ရင်ဆိုင်နေရပါသည်။ သို့ဖြစ်၍ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် **"နိုင်ငံဂုဏ်ပြုယဉ်ကျေးမှု"** ဆိုသော ဆောင်ပုဒ်နှင့်အညီ ဒြပ်ရှိယဉ်ကျေးမှု (Tangible Culture)နှင့် ဒြပ်မဲ့ယဉ်ကျေးမှု(Intangible Culture)များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက် ရှိပါသည်။ အကောင်အထည်ပြနိုင်သော Tangible Culture က အရေးကြီးသကဲ့သို့ အကောင်အထည်ဖြင့် မပြနိုင်သော Intangible Culture ကလည်း အရေးပါလှပါသည်။ တချို့ကလည်း အဆိုပါယဉ်ကျေးမှု အမျိုးအစားနှစ်ခုကို ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုဟူ၍လည်း ခေါ်ဆိုကြပါသည်။ နိုင်ငံတော်က မြန်မာနိုင်ငံ အနှံ့အပြားတွင် ယဉ်ကျေးမှုအမွေအနှစ် ဇုန်နယ်မြေများ သတ်မှတ်၍ ခေတ်အဆက်ဆက် တည်ရှိလာသော ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို တူးဖော်ခြင်း၊ သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြတိုက်များဖွင့်လှစ်ပြသခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ယဉ်ကျေးမှုပြတိုက်များ တည်ဆောက်၍ အမွေအနှစ်များကို ကဏ္ဍအလိုက်ခွဲခြားကာ ထိန်းသိမ်းထားရှိပြီး ပြည်သူများ လေ့လာနိုင်ရန် စီစဉ်ထားရှိပါသည်။ ထို့အပြင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်များ မပျောက်ပျက်သွားစေရန်အတွက် ရိုးရာယဉ်ကျေးမှုပြပွဲများ၊ ဆိုကရေးတီးပြိုင်ပွဲများကိုလည်း ပြုလုပ်ကျင်းပပေးလျက်ရှိပါသည်။

ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်ကာလတွင် ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်သွားစေရန် နိုင်ငံတော်က စနစ်တကျ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တိုင်းရင်းသားပြည်သူအပေါင်းကလည်း ကိုယ်ပိုင်ယဉ်ကျေးမှုများကို မြတ်နိုးတန်ဖိုးထားသော အသိစိတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ်လှပါသည်။ တန်ဖိုးကြီးမားလှသော ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများ ပျောက်ပျက်သွားပါလျှင် အစားထိုးမရသော ဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်ရပါလိမ့်မည်။ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားသော မြန်မာများဟူ၍ ဂုဏ်ယူဝံ့ကြွားနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်သွားစေရန် ပြည်ထောင်စုသားတိုင်းတွင် **"တာဝန်ကိုယ်စီရှိကြသည်"**ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ပုံတောင်ဒေသမှ ရှာဖွေတွေ့ရှိသည့် ကြံ့မူလမျိုးနွယ်၏ ယာဘက်အောက်မေးရိုးနှင့် သွားများ။

ပဲခူးတိုင်း ကညွတ်ကွင်းမြို့ ရွာလယ်အခြေခံပညာအထက်တန်းကျောင်းခွဲ၏ နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးတို့ ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ရွာလယ်အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်ရှိ ကွန်ပျူတာခန်းမ၊ Language Lab နှင့် သိပ္ပံလက်တွေ့ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ သင်ကြားလေ့လာနေမှုကို ကြည့်ရှုအားပေးစဉ်။ (လယ်/ဆည်)

ရန်ကုန် ဩဂုတ် ၉

ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ရွာလယ်အခြေခံပညာအထက်တန်းကျောင်းခွဲ၏ နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းခွဲ၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ပညာရေးဝန်ကြီးဌာန အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် ကျောင်းဆောင်သစ်အလှူရှင် ရန်ကုန်မြို့ IBTC ပညာရေးမိသားစုမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်၍ နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက စက်ခလုတ်နှိပ်၍ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ အထွေထွေအတွင်းရေးမှူးနှင့် ဧည့်သည်များက အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူး၊ အထွေထွေအတွင်းရေးမှူးနှင့် ဧည့်သည်များသည် ကျောင်းဆောင်သစ်ရှိ စာကြည့်တိုက်၊ ကွန်ပျူတာခန်းမ၊ Language Lab နှင့် သိပ္ပံလက်တွေ့ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလေ့လာမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ရွှေမေတ္တာခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးနှင့် အထွေထွေအတွင်းရေးမှူးတို့က အမှာစကား ပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျောင်းဆောင်သစ် အလှူရှင်က လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး နှစ်ထပ် ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းမှူး၊ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က ကျောင်းဝတ်စုံနှင့် ကျောင်းသုံး စာရေးကိရိယာများကို ကျောင်းသား၊ ကျောင်းသူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်မြို့ IBTC ကုမ္ပဏီဒါရိုက်တာ ဦးတင်ဦးက ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းကြည်က လက်ခံပြီး မြို့မိ မြို့ဖ ဦးအောင်မြင့်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် ရန်ကုန်မြို့ IBTC ပညာရေးမိသားစုမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းတို့ ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ရွာလယ် အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(လယ်/ဆည်)

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

အမှာစကားပြောကြား

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း နာယက၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၉

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းနာယက၊ မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အသင်းဝင် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့ စာရင်းကိုင်များ အသင်း နာယက၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း၏ ၂၀၀၇ - ၂၀၀၈ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းသင်က ဖတ်ကြားပြီး အသင်း အတွင်းရေးမှူး ဦးသိန်းမြင့်က တတိယအကြိမ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးမှတ်တမ်းကို ဖတ်ကြား အတည်ပြုချက်ယူသည်။

ထို့နောက် အသင်းဘဏ္ဍာရေးမှူး ဦးသန်းတင်က ၂၀၀၇-၂၀၀၈ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ၂၀၀၇-၂၀၀၈ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ နုတ်ထွက်ကြောင်း ကြေညာခြင်း၊ ၂၀၀၈-၂၀၀၉ ခုနှစ် အလုပ်အမှုဆောင် အဖွဲ့ဝင်သစ်များ ရွေးချယ်ကြေညာခြင်း၊ ၂၀၀၈-၂၀၀၉ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးမျိုးမြင့်က ကတိပြုစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း အတွင်းရေးမှူး ဦးသိန်းမြင့်က လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအနေဖြင့် မလွဲမသွေဆောင်ရွက်ရမည့် စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု (Continuing Professional Education - CPE) အကြောင်း ဟောပြောပို့ချသည်။ (သတင်းစဉ်)

❖ ကျောဖုံးမှ

ပြုပြင်ရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။ ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကမမောင်းမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြသော လူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ကမမောင်းမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ကမမောင်းမြို့ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

လက်ခံ

တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်သာအေးက ပညာရေးအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် ငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ကျန်းမာရေးအတွက် ဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကမမောင်းမြို့အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမြင့်ဦးနှင့် ကမမောင်းမြို့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မင်းမင်းထွန်းတို့က လက်ခံကြသည်။

ပေးအပ်

ထို့မှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မြိုင်ကြီးငူ အထူးဒေသ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြပြီး ကျောင်းခန်းမ၌ ဗိုလ်ချုပ်သာအေးက ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ အမှာစကားပြောကြားကာ အလှူငွေကျပ် တစ်သိန်းကို ခေတ္တကျောင်းအုပ်ကြီး ဦးရွှေလမင်းထံ ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းနော်ကော်ကျေးရွာရှိ တောင်သူ ဦးမြသွင်၏ အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရွှေလီကြံ မျိုးပွားတစ်ဧက စိုက်ခင်းကို လည်းကောင်း၊ ဘားအံမြို့နယ် နောင်ကမြိုင်ကျေးရွာရှိ တောင်သူ ဦးထွန်းလှတင်နှင့် ဦးအောင်စိန်တို့၏ စပါးစိုက်ခင်း၌ မိုးစပါးစုပေါင်းမြေဩဇာ ကြဲပက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။ ထို့မှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့များသည် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ စစ်မှုထမ်းဟောင်းကျေးရွာ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ဘားအံမြို့နယ် တောင်ကလေး ကျေးရွာရှိ တောင်ကလေး ပရိယတ္တိစာသင်တိုက်၌ တောင်ကလေးဆရာတော် အရှင်ပညာသာမိအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ ဘားအံမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

ယင်းနောက် ညနေ ၅ နာရီတွင် ကရင်ပြည်နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအစည်းအဝေးကို ဖွဲ့ကပင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗိုလ်ချုပ်သာအေးက ဒေသဝမ်းစာ ဖူလုံပိုလျှံရန်အတွက် မိုးစပါးစိုက်ဧကပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ရော်ဘာအပါအဝင် စက်မှုကုန်ကြမ်းသီးနှံများ တိုးချဲ့စိုက်ပျိုးရေးတို့ကို အလေးထားဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ဘားအံမြို့နယ် နောင်ကမြိုင်ကျေးရွာရှိ တောင်သူ ဦးထွန်းလှတင်နှင့် ဦးအောင်စိန်တို့၏ စပါးစိုက်ခင်း၌ မိုးစပါး စုပေါင်းမြေဩဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ၂၀၀၈ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၉

ကျန်းမာရေးဝန်ကြီးဌာန ၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ ဆေးရုံများတွင် မြွေဆိပ်ဖြေဆေးများကို လုံလောက်စွာ ဖြန့်ဖြူးဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများအား မြွေဆိပ်ဖြေဆေးပြတ်လပ်မှုမရှိစေရန် စဉ်ဆက်မပြတ် ကြီးကြပ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဆေးရုံများတွင် မြွေဆိပ်ဖြေဆေးများ လုံလောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးထားလျက်နှင့်တာဝန်ကျ ဆရာဝန်၏ တာဝန်ကင်းမဲ့စွာ ဂရုတစိုက် ကုသခြင်း မပြုလုပ်ပေးခဲ့သည့်အတွက် လူနာတစ်ဦး အသက်ဆုံးရှုံးမှုဖြစ်ခဲ့ကြောင်း။

ဖြစ်စဉ်

ဖြစ်စဉ်မှာ ဩဂုတ် ၄ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသူ မမြတ်ဆုမွန် မြွေကိုက်ခံရ၍ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လှိုင်သာယာပြည်သူ့ဆေးရုံသို့ သွားရောက်ပြသခဲ့ရာ လိုအပ်သော စုံစမ်းစစ်ဆေးမှုများနှင့် ကုသမှုများ ပြုလုပ်ပေးပြီး အင်းစိန်ဆေးရုံသို့ လွှဲပြောင်းစာနှင့်အတူ လွှဲပြောင်းပေးခဲ့ကြောင်း၊ အင်းစိန်ဆေးရုံသို့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရောက်ရှိခဲ့ရာ တာဝန်ကျ ဆရာဝန်မှ တာဝန်ကင်းမဲ့စွာ မြွေဆိပ်ဖြေဆေးမရှိဟုဆိုပြီး အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ရန်ကုန်သို့ သွားရောက်ရန် ပြောကြားခဲ့ကြောင်း၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ မွန်းလွဲ ၁၂နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့ရာ တာဝန်ရှိသူက ဆီးနှင့် ကျောက်ကပ်ဌာနရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့သွားရန် ပြောကြားခဲ့ကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိသွားရာ လူနာသေဆုံးနေပြီဖြစ်ကြောင်း၊ အမှန်မှာ တာဝန်ခံဆရာဝန်များ၏ တာဝန်ကင်းမဲ့စွာ လူနာကို ဂရုတစိုက် တာဝန်ယူကုသခြင်း မပြုလုပ်ပေးနိုင်ခဲ့သည့်အတွက် လူနာသေဆုံးရခြင်းဖြစ်ကြောင်းနှင့် မြွေဆိပ်ဖြေဆေးရှိပါလျက်နှင့် တာဝန်ကင်းမဲ့စွာ လူနာကို ဆေးရုံလွှဲပြောင်းလုပ်ခြင်းများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း။

အရေးယူဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့၍ စစ်ဆေးပြီး တာဝန်ခံဆရာဝန်အား အလုပ်မှ ရပ်စဲခြင်း၊ စီမံခန့်ခွဲမှု အားနည်းသည့် ဆေးရုံအုပ်ကြီးအား ပင်စင်ပေးခြင်း၊ တာဝန်ခံဆရာဝန်တစ်ဦးအား ပြင်းထန်စွာ သတိပေးခြင်းများကို အရေးယူ ဆောင်ရွက်ခဲ့ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဝန်ထမ်းများကို ရွေးချယ်ရာတွင် နိုင်ငံတော်ကိုချစ်ပြီး တိုင်းပြည်ကို အလုပ်အကျွေးပြုမည့် ဝန်ထမ်းများကိုသာ ရွေးချယ်ဆောင်ရွက်သွားမည့် အခြေခံမူထားရှိရန် ဆုံးဖြတ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးက လေဘေးသင့်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ကျန်းမာရေး ဆပ်ကော်မတီမှ ဦးဆောင်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားကူးစက်မှု မရှိကြောင်းနှင့် ကျေးဇူးတင်ဂုဏ်ပြုကြောင်း ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကျန်းမာရေးဝန်ကြီးဌာန ၂၀၀၈ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ဆေးသုတေသန (အထက်မြန်မာပြည်)၊ ဆေးသုတေသန (မြန်မာပြည်အလယ်ပိုင်း)၊ ကျန်းမာရေးစီမံကိန်း ဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်၊တိုင်း ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ပါမောက္ခချုပ်များနှင့် ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသီးသီး တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေ

ဩဂုတ် ၉ ရက် မြန်မာစံတော်ချိန် ည ၇ နာရီအချိန် ထုတ်ပြန်ချက်

ယနေ့မြန်မာစံတော်ချိန် ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်များကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်း (အရှေ့ပိုင်း)ဆွာမြို့ရှိ Myanmar Korea Timber International Ltd (MKTI) **သစ်အထပ်သား စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်ပါးလွှာလုပ်ငန်းအဆင့်၊ အထပ်သားပြုလုပ်ဆောင်ရွက်နေမှု လုပ်ငန်းအဆင့်ဆင့်နှင့် သစ်ပါးလွှာနှင့် အထပ်သားများအား ပြည်ပနိုင်ငံများသို့တင်ပို့ရန် ထုပ်ပိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့သစ်လုပ်ငန်း ဌာန အမှတ်(၂၀)သစ်စက် သာဂရ သို့ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲ စိတ်လည်ပတ်ပုံ အဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို ကြည့်ရှု စစ်ဆေးကာ ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက် အလုပ်ရုံ (ဆွာ) သို့ ရောက်ရှိပြီး သိုလှောင်ရုံများအတွင်း ပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ မော်တော်ယာဉ်များ ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ဆွာမြို့ရှိ Myanmar Korea Timber International Ltd. (MKTI) **သစ်အထပ်သား စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သစ်တော)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၈-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၇း၅၀ ၅။ အဆိုပြိုင်ပွဲ
- ၈း၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၀ ၇။ တေးဂီတအစီအစဉ်
- ၈း၂၀ ၈။ **“မျှော်သူမမောစေချင်” (စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ- အောဝမ်း မောင်လှမျိုး)**
- ၈း၃၀ ၉။ International News.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၂း၀၀ ၅။ **မြန်မာရုပ်ရှင် “ချစ်ခြင်းရင်ခုန် ယုံကြည်စွာဖြင့်” (ဒွေး၊ ရီဝေယံ၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-လွင်မင်း)**
- ၂း၀၀ ၆။ ယဉ်ကျေးလိမ္မာ ဥစ္စဖြာမင်္ဂလာ
- ၂း၂၀ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၂း၃၀ ၈။ တေးဂီတအစီအစဉ်
- ၂း၄၀ ၉။ အတီးပြိုင်ပွဲ
- ၂း၄၅ ၁၀။ International News.
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၅ ၄။ အတီးပြိုင်ပွဲ
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ တေးဂီတအစီအစဉ်
- ၅း၁၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ အကပြိုင်ပွဲ
- ၆း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၇း၀၀ ၁၂။ “စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင်စိုက်ကြစို့”
- ၇း၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရွှေမင်းသားလေး ချစ်ပုံပြင်” (အပိုင်း-၂၁)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး” (အပိုင်း-၁၂)**
- ၁၈။ အစီအစဉ်ပြီး၏။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

မြန်မာ့ရိုးရာလက်ဝှေ့ လက်ရည်စစ်ပွဲများစတင်ကျင်းပ ဝင်းထွန်းက တာတိုးဝါးကို ဒုတိယအချီ၌အလဲထိုး

ရန်ကုန် ဩဂုတ် ၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ Calsome ကွေကာ (Myanmar Distribution Group Co.,Ltd)မှ အဓိကပံ့ပိုးကူညီပြီး T&T Group မှ တာဝန်ယူကျင်းပသော နိုင်ငံတကာရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲအတွက် အဆင့်မြင့် ပထမတန်း လက်ဝှေ့ကျော်များ၏ လက်ရည်စစ်စိန်ခေါ်ပွဲ ပထမနေ့ ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။ လက်ရည်စစ်ပွဲများတွင် ဝင်းထွန်း(လယ်/ဆည်) က တာတိုးဝါး (ဘီလပ်မြေစက်ရုံ) ကို ဒုတိယအချီတွင် လည်းကောင်း၊ တွေ့မရှောင် (K.L.N) က အောင်ဇေယျ(ဘီလပ်မြေစက်ရုံ)ကို တတိယအချီတွင် လည်းကောင်း အလဲထိုးများဖြင့် အနိုင်ရရှိသွားသည်။

(၄)ချီစိန်ခေါ်ပွဲ ပထမပွဲစဉ်အဖြစ် ကျော်ဝင်းလေး(ဘီလပ်မြေစက်ရုံ) နှင့်သားကရင်(ရန်ကုန်)တို့ ယှဉ်ပြိုင်ကစားကြရာ ကျော်ဝင်းလေးက အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ စနေထွန်း (မြန်မာ့သွေးသစ်) နှင့် လင်းယုန် (ရက္ခဗျာလ) တို့ပွဲမှာ ဘတစ်ပြန်ကျားတစ်ပြန်ရှိပြီး စတုတ္ထအချီတွင်

ကျော်ဆန်းနှင့် ရှုမဝ အကြိတ်အနယ် ထိုးသတ်စဉ်။

လင်းယုန်က စနေထွန်းမျက်နှာကို လက်သီးသုံးလုံးဆက်တိုက်ပစ်သွင်းကာ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

(၅)ချီ စိန်ခေါ်ပွဲ ပထမပွဲစဉ်အဖြစ် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင်များဖြစ်သော ထစ်ချွန်း(မိုးသောက်ကြယ်)နှင့် ကချင်လေး(ဘီလပ်မြေစက်ရုံ) တို့ယှဉ်ပြိုင်ကြရာ ထစ်ချွန်းက အလဲထိုးဖြင့်အနိုင်ရရှိသွားသည်။စောအာကာ (K.L.N)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် မျိုးဆက်သစ် (အလင်းရောင်)တို့ပွဲကလည်း ပညာစုံသုံးသွား၍ ပရိသတ် အားပေးမှုကိုရရှိခဲ့သော

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ စိုးညွန့်(ကြေးမုံ)

ဝင်းထွန်းနှင့် တာတိုးဝါးတို့ လေထဲတွင် ရင်ဆိုင် အတွေ့။

ပွဲတစ်ပွဲဖြစ်ခဲ့သည်။ တတိယအချီ ၅၇စက္ကန့်တွင် စောအာကာက အလဲထိုးဖြင့်အနိုင်ရရှိသွားသည်။ ကျန်စစ်အောင်(အလင်းရောင်)နှင့် ရှမ်းသွေးလေး (ဒေါင်းမြန်မာ)တို့ပွဲမှာ အလူးအလဲဖြင့် ပူးတွဲသရေကျသွားသည်။

ကျော်ဆန်း(မိုးသောက်ကြယ်)နှင့် ရှုမဝ(ဒေါင်းမြန်မာ)တို့ပွဲမှာ ပထမအချီတွင် နှစ်ဦးစလုံးဖွင့်ထိုးကြ၍ အထိနာကြသည်။ ကျော်ဆန်းက ပင့်ဒူး၊ ခြေကန်ချက်များဖြင့် ရင်ဆိုင်သလို ရှုမဝကလည်း လက်သီးများကိုအားပြုကာ ပြန်လည်တုံ့ပြန်သည်။

ဒုတိယအချီ၂မိနစ် ၂၇စက္ကန့်တွင် ကျော်ဆန်း၏ ခြေကန်ချက် ရှုမဝနံကြားကို ထိသွားသောကြောင့် ရှုမဝ တစ်ပတ်ကျွမ်းကျပြီး အနားတောင်းရသည်။ ပြန်အစမှာ ရှုမဝမာန်တင်းပြီး ပြန်လိုက်ထိုးသော်လည်း ကျော်ဆန်းက အသာစီးမှ ဆက်လက်ထိုးကာ ဒုတိယအချီ ၂ မိနစ် ၅၉စက္ကန့်တွင် ပင့်ဒူးဖြင့်ပွဲသိမ်းအနိုင်ယူသွားသည်။

နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများအတွက် လက်ရည်စစ်ပွဲဖြစ်သည့် ဝင်းထွန်းနှင့် တာတိုးဝါးတို့ပွဲမှာ စတုတ္ထအကြိမ်မြောက် တွေ့ဆုံကြသည့်ပွဲဖြစ်သည်။ လက်ရည်အရ မတိမ်းမယိမ်းရှိသော်လည်း ဝင်းထွန်းက သာအောင်ပွဲခံသွားခဲ့သည်။ လက်ရှိ ရိုးရာလက်ဝှေ့လောကတွင် တစ်ဦးတည်းသော သုံးထပ်ကွမ်း ရွှေခါးပတ်ပိုင်ရှင်ဖြစ်သည့် ဝင်းထွန်းမှာ ဂျပန်ပြန် တာတိုးဝါးကို ဒုတိယအချီတွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ သုံးထပ်ကွမ်း ရွှေခါးပတ်ပိုင်ရှင်ဖြစ်သည့် ဝင်းထွန်းမှာ တာတိုးဝါးနှင့်တွေ့တိုင်း မရှုံးသေးသည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းသွားနိုင်ခဲ့ပြီး လေးကြိမ်တွေ့ဆုံရာတွင် သုံးကြိမ်အနိုင်ရပြီး တစ်ကြိမ်သာ သရေပွဲဖြစ်ခဲ့သည်။

ပထမအချီအစတွင် နှစ်ဦးစလုံးအတင်းမဝင်ကြဘဲ အကဲစမ်းနေကြ၍ ကြိုးဝိုင်းဒိုင်က နှစ်ကြိမ်တိုင် သတိပေးခဲ့ရသည်။ ထို့နောက်ပိုင်းတွင် နှစ်ဦးစလုံး ခြေကန်ချက်များဖြင့် စတင်မိတ်ဆက်ကြပြီး အသည်းချင်းထပ်၍ သတ္တိချင်းပြိုင်ကြသည့်အလား ရေကုန်ရေခန်း ထိုးသတ်ကြသည်။ဝင်းထွန်းကမူ ထုံးစံအတိုင်းခြေကန်ချက်များကို အများဆုံးသုံးပြီး အမှတ်မထင် ပတ်တံတောင်ဖြင့်ရိုက်သည်။ တာတိုးဝါးကလည်း ခေသူမဟုတ်၊ အခွင့်ရေးရလျှင်ရသလို ပြန်ထိုးသည်။ ဒုတိယအချီတွင် ဘတစ်ပြန်ကျားတစ်ပြန်ဖြစ်လာပြီး ပထမအချီထက် အကြိတ်အနယ်ရှိလာသည်။ ဝင်းထွန်းက ခြေကန်ချက်များဖြင့် ဆက်တိုက်ကန်ရာ တာတိုးဝါး ၂မိနစ် ၀၈စက္ကန့်တွင် အနားတောင်းရသည်။ မူးဝေဝေဖြစ်နေသော တာတိုးဝါးမှာ အနားတောင်းပြီး ပြန်အစတွင်လည်း ပုံမှန်အတိုင်း မထိုးနိုင်တော့။ ဝင်းထွန်း၏ ခြေကန်ချက် နှစ်ကြိမ်တိုင် မျက်နှာကိုဆက်တိုက်ထိမှန်ပြီး ၂ မိနစ် ၁၇ စက္ကန့်တွင် နံကြားကို ဒူးချက်မိသွား၍ တာတိုးဝါးရှုံးသွားရသည်။

ရွှေခါးပတ်ချန်ပီယံတွေ့မရှောင်နှင့် ပြည်နယ်နှင့်တိုင်း ရွှေဆုရှင် ဂျပန်ပြန် အောင်ဇေယျတို့၏ပွဲမှာလည်း ပြည်တွင်း၊ ပြည်ပတွင် အလဲထိုးအနိုင်များဖြင့် နိုင်ပွဲဆက်နေသူ တွေ့မရှောင်ကသာ အနိုင်ရရှိသွားခဲ့သည်။ ပြည်တွင်း စိန်ခေါ်ပွဲများတွင်သာမက ပြည်ပဖြစ်သည့် ဩစတြေးလျနိုင်ငံအထိပါ အိမ်ရှင်နိုင်ငံသား ကမ္ဘာ့လက်ဝှေ့နှင့် ဥရောပကစ်ဘောက်ဆင်ချန်ပီယံကို အလဲထိုးဖြင့်အနိုင်ယူလာသည့် တွေ့မရှောင်မှာ ယခုပွဲတွင်လည်း ရဲရဲဖွင့်ထိုးကာ စောစောစီးစီး အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပထမဦးဆုံးအကြိမ် တွေ့ဆုံယှဉ်ပြိုင်ကြသည့် တွေ့မရှောင်နှင့် အောင်ဇေယျမှာ ပထမအချီကတည်းက မရှောင်စတမ်းဖွင့်ထိုးကာ ရဲရဲရင်ဆိုင်ကြသည်။ ဒုတိယအချီ ၂မိနစ်နောက်ပိုင်းတွင် အောင်ဇေယျ အားလျော့လာပြီး တွေ့မရှောင်၏ ထိုးချက်များကို ရှောင်နေ ရသည်။ တွေ့မရှောင်ကလည်း အားပါလှသည့် လက်သီး၊ ပြင်းထန်လှသည့် ဒူးတိုက်ချက်များဖြင့် ရင်ဆိုင်ရာ အောင်ဇေယျ မူးလာပြီး ၂မိနစ် ၅၄စက္ကန့်တွင် အနားတောင်းရသည်။

တတိယအချီတွင်မူ မူးဝေနေသော အောင်ဇေယျခံစစ်သက်သက်ဖြစ်သွားသည်။ တွေ့မရှောင်၏လက်သီးချက်များကြောင့် အောင်ဇေယျ ညာမျက်ခုံးကွဲသွားသည်။ ထိုးချက်၊တိုက်ချက်၊ ကန်ချက်များကြောင့် အောင်ဇေယျ အမှတ်စဉ်ရေတွက်ခံရပြီး ဆက်လက်မထိုးနိုင်တော့၍ တွေ့မရှောင် အနိုင်ရသွားသည်။

လက်ရည်စစ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး (၄)ချီ စိန်ခေါ်ပွဲ နှစ်ပွဲနှင့် (၅)ချီ စိန်ခေါ်ပွဲခြောက်ပွဲ ပါဝင်မည်ဖြစ်သည်။

ဩဂုတ် ၁၀ရက်ထိုးမည့် (၅)ချီ စိန်ခေါ်ပွဲများ

စောကရင် (မိုးသောက်ကြယ်)	-	အောင်သူရ(ဒေါင်းမြန်မာ)
ကျော်ခေါက်(ဒေါင်းမြန်မာ)	-	မင်းသီဟ(ဘီလပ်မြေစက်ရုံ)
မင်းမင်း(ရန်ကုန်)	-	ကြယ်လေး(မြန်မာပြည်သား)
စောသဲမင်း (K.L.N)	-	ဝိုင်ဝိုင်း(မြန်မာပြည်သား)
စောငမန်း(ဘားအံ)	-	ဒေါင်းညိုလေး(ဒေါင်းမြန်မာ)
လုံးချော(ညောင်တုန်း)	-	ရန်ကြီးအောင် (မြို့တော်စည်ပင်)

(ကြေးမုံ)

နိုင်ငံတကာအိဒ်စ်ညီလာခံ မက္ကဆီကိုဌ်ကျင်းပ ရောဂါတိုက်ဖျက်ရေး ဆုများချီးမြှင့်

မက္ကဆီကိုစီးတီး ဩဂုတ် ၈

ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (ယူအင်ဒီပီ)သည် ဂါနာ၊ အိန္ဒိယ၊ အီရန်၊ မာလာဝီနှင့် မက္ကဆီကို နိုင်ငံများမှ အဖွဲ့အစည်းငါးခုသို့ အိဒ်စ်ရောဂါအား တိုက်ဖျက်ရာတွင် ၎င်းတို့၏ လုပ်ဆောင်ချက်များကို အသိအမှတ်ပြုသောအနေဖြင့် ဖဲကြိုးနီဆုများကို ချီးမြှင့်လိုက်သည်။

အိဒ်စ်ညီလာခံ

လက်တင်အမေရိကနှင့် ကာရစ်ဘီယံ ဒေသဆိုင်ရာ ယူအင်ဒီပီညွှန်ကြားရေးမှူး ဂရင်းစပန်းက မက္ကဆီကိုနိုင်ငံ၌ သောကြာနေ့တွင် စတင်ကျင်းပသော (၁၇)ကြိမ်မြောက် နိုင်ငံတကာ အိဒ်စ်ညီလာခံတွင် ထိုဆုများကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုများကို လက်ခံရရှိသောသူများသည် အိဒ်စ်ရောဂါတိုက်ဖျက်ရာတွင် ဖန်တီးနိုင်မှု၊ သတ္တိရှိမှုနှင့် ဦးဆောင်မှုတို့ကို ထူးခြားစွာ ပြသနိုင်ခဲ့ကြောင်း၊ အကန့်အသတ်ရှိသော အရင်းအမြစ်များဖြင့် အောင်မြင်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ညွှန်ကြားရေးမှူးက ပြောကြားသည်။

၎င်းတို့သည် အနီရောင်ဖဲကြိုးဆုနှင့်အတူ အမေရိကန် ဒေါ်လာ ၂၀၀၀၀ စီရရှိမည်ဖြစ်သည်။ ထိုဆုကို ၂၀၀၆ ခုနှစ် ကနေဒါနိုင်ငံ တိုရန်တိုမြို့၌ ကျင်းပသော (၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အိဒ်စ်ကွန်ဖရင့်မှ စတင်ကာ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဆီယံနှင့် ဆက်ဆံရေး မြောက်ကိုရီးယား တိုးမြှင့်မည်

ပြုံယမ်း ဩဂုတ် ၈

ဒေသတွင်း ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု အထောက်အကူဖြစ်စေရန် အာဆီယံနိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်မှုကို ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ (ဒီပီအာရ်ကေ)က တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း သောကြာနေ့ထုတ် ရန်းဒေါင်းဆင်မွန်းသတင်းစာက ဖော်ပြသည်။

အဓိကထား

ဒီပီအာရ်ကေသည် လွတ်လပ်မှု၊ ချစ်ကြည်မှုနှင့် ခင်မင်ရင်းနှီးမှုတို့ကို အဓိကထားပြီး အာဆီယံအဖွဲ့နှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို တိုးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ မြေအောက် ဥမင်လမ်းမှ မှောင်ခိုသွင်းလာသော ခြင်္သေ့ပေါက်ကလေး သုံးကောင်ကို ရာဖာတိရစ္ဆာန် ဥယျာဉ်၌ ဩဂုတ် ၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်အော်ဆက်တီးယားဒေသအား ဂျော်ဂျီယာက စစ်ဆင် ဂျော်ဂျီယာနိုင်ငံ ဂိုရီမြို့ကို ရုရှားက လေကြောင်းမှတိုက်ခိုက်

ဂိုရီ(ဂျော်ဂျီယာ) ဩဂုတ် ၉

ဂျော်ဂျီယာနိုင်ငံက ယင်းနိုင်ငံမှခွဲထွက်ကာ နိုင်ငံသစ်ထူထောင်ရန်ကြိုးပမ်းနေသော တောင်အော်ဆက်တီးယားဒေသကို ပြန်လည်သိမ်းပိုက်ရန် ဩဂုတ် ၈ရက်တွင် စစ်ဆင်ရေးစတင်ပြုလုပ်သည်ဆိုသော သတင်းများ ထွက်ပေါ်လာသည်။

ထိုသတင်းနှင့် မရှေးမနှောင်းမှာပင် ရုရှားလေတပ်က ဂျော်ဂျီယာ လေယာဉ်ကွင်းကို ဗုံးကြဲပြီး တင့်ကားတပ်ဖွဲ့များကိုလည်း တောင်အော်ဆက်တီးယားဒေသဆီသို့ စေလွှတ်ကြောင်း နောက်ဆက်တွဲသတင်းများဝင်ရောက်လာသည်။ ထိုဒေသသည် ၁၉၉၂ ခုနှစ်ကတည်းက ခွဲထွက်ဒေသအဖြစ် သီးခြားရပ်တည်ခဲ့ရာ တရားဝင်သဘောအရ သီးခြားလွတ်လပ်သော နိုင်ငံအဖြစ် မတည်ရှိသေးသော်လည်း ပကတိအရှိတရားအရ သီးခြားလွတ်လပ်သည့်သဘော ဆောင်နေသော အခြေအနေရှိသည်ဟုဆိုသည်။

ထပ်မံ ဝင်ရောက်လာသော သတင်းများအရ တောင်အော်ဆက်တီးယားဒေသတွင် ဖြစ်ပွားသော တိုက်ပွဲများကြောင့် အရပ်သူ အရပ်သား ၁၅၀၀ ခန့် သေဆုံးရပြီဖြစ်ပြီး နှစ်ဖက်တပ်ဖွဲ့ဝင်များလည်း ကျဆုံးရကြောင်းသိရသည်။ ဂျော်ဂျီယာနိုင်ငံ ဂိုရီမြို့သို့ ရုရှားက လေကြောင်းမှတိုက်ခိုက်ရာတွင်လေယာဉ် ၁၀စင်းကို ဂျော်ဂျီယာတို့က ပစ်ချနိုင်ခဲ့ကြောင်း ပြောကြားသော်လည်း ရုရှားတို့က နှစ်စင်းသာပစ်ချခံရသည်ဟုဆိုသည်။ အကျအဆုံးထိခိုက်မှုစာရင်းကို လွတ်လပ်သောသတင်းဌာနမှ အတည်ပြုချက်ရယူရန် အခက်အခဲရှိကြောင်း သိရသည်။ ***အင်တာနက်။***

ဂျော်ဂျီယာနိုင်ငံ ဂိုရီမြို့တွင် ရုရှားစစ်လေယာဉ်တစ်စင်းက ဗုံးကြဲပြီးနောက် အဆောက်အအုံများ မီးလောင်နေစဉ်နှင့် ဂျော်ဂျီယာ တပ်ဖွဲ့ဝင်များ ပြေးလွှားနေသည်ကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘုရှ်နှင့် အိုဘားမားအား ဖလော်ရီဒါတွင် လုပ်ကြံရန် ခြိမ်းခြောက်သူကို ဖမ်းဆီး

မီယာမီ ဩဂုတ် ၈

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တွင် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဘာရက်အိုဘားမားနှင့် သမ္မတ ဂျော့ဒဗလျူဘုရှ်တို့အား လုပ်ကြံရန်ခြိမ်းခြောက်သောသူအား အာမခံမပေးဘဲ ဖမ်းဆီးရန် ကြာသပတေးနေ့က အမိန့်ထုတ်လိုက်သည်။ ၎င်းက ၎င်းကိုယ်၎င်း စိတ်ကျန်းမာရေး အခြေအနေမကောင်းသူတစ်ဦးဖြစ်သည်ဟု ဆိုသည်။

ခြိမ်းခြောက်သူမှာ ရေမွှန်ဟန်းတားဂိုင်းဆယ်ဆိုသူဖြစ်သည်။ ၎င်းအား ဘုရှ်နှင့် အိုဘားမားကို လုပ်ကြံရန် ခြိမ်းခြောက်မှုဖြင့် မီယာမီ၌လျှို့ဝှက် ရဲတပ်ဖွဲ့က စနေနေ့တွင် ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ဂိုင်းဆယ်ကမည်သည့်ခြိမ်းခြောက်မှုမှ မိမိမလုပ်ရကြောင်း ငြင်းဆိုသည်ဟု လျှို့ဝှက်ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းက အိုဘားမားအားသတ်ရန် ဆန္ဒရှိခဲ့မှု စနိုက်ပါသေနတ်ဖြင့်ပစ်မည်ဟု လျှို့ဝှက်ရဲတပ်ဖွဲ့ကို ပြောခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ထိုကိစ္စကို ရယ်မောစရာပြက်လုံးထုတ်သည့် သဘောမျိုးဖြင့် လျှော့ချ ထွက်ဆိုသည်။ နာမည်မဖော်လိုသော အမျိုးသမီးသက်သေတစ်ဦးက စစ်ဆေးသူများအား ပြောပြရာတွင် ဂိုင်းဆယ်သည် အိုဘားမားသာ သမ္မတအဖြစ် အရွေးခံရပါက ၎င်းကိုယ်တိုင် လုပ်ကြံမည်ဟု ပြောကြားခဲ့ကြောင်း သက်သေထွက်ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် မီဒီအရပ်ဘက်တပ်ဖွဲ့တို့ လျှို့ဝှက်သဘောတူညီချက် ပြုလုပ်ထားဟုဆို

လန်ဒန် ဩဂုတ် ၈

အီရတ်နိုင်ငံဘာဆရာမြို့ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များသည် မီဒီအရပ်ဘက်တပ်ဖွဲ့နှင့် သဘောတူညီချက်တစ်ရပ်ပြုလုပ်ထားသဖြင့် ဘာဆရာတွင် တိုက်ခိုက်မှုများဖြစ်ပွားနေစဉ်အတွင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအတွက် အကူအညီပေးရန် မဖြစ်နိုင်ဘဲရှိခဲ့ကြောင်း၊ ဗြိတိန်သတင်းစာတစ်စောင်က အင်္ဂါနေ့တွင်ရေးသားသည်။

ဘာသာရေးခေါင်းဆောင် အယ်လ်-ဆာဒါ ဦးဆောင်သည့် ရှီးယိုက်အုပ်စုနှင့် ဗြိတိန်တပ်ဖွဲ့ဝင်များ သဘောတူညီချက် ပြုလုပ်ထားမှုကြောင့် အမေရိကန်နှင့် စစ်သွေးကြွများ ဘာဆရာမြို့တွင် တိုက်ခိုက်နေကြပါက ဗြိတိန်တပ်ဖွဲ့ဝင် ၄၀၀၀ အနေဖြင့် ဘေးမှစောင့်ကြည့်ရန်ဖြစ်သည်ဟု သည်တိုင်းမ် သတင်းစာကရေးသားသည်။

သို့ရာတွင် ဗြိတိန်ကာကွယ်ရေးဌာနကမူ ဘာဆရာမြို့အပြင်ဘက်တွင် နေထိုင်စဉ် မည်သည့်လျှို့ဝှက်သဘောတူညီချက်မှ မပြုလုပ်ခဲ့ကြောင်း၊ ဗြိတိန်တပ်ဖွဲ့ဝင်များက အီရတ်တိုက်ခိုက်ရေးကိစ္စတွင် စစ်ရေးအရ အထောက်အပံ့ပေးရန် ဖြည့်ဆည်းခဲ့ခြင်းသာဖြစ်ကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အင်ဒိုနီးရှား၌ လောင်စာလက်လီရောင်းသူများ ဇီဝလောင်စာရောင်းချရန် အမိန့်ထုတ်ပြန်

ဂျကာတာ ဩဂုတ် ၈

အင်ဒိုနီးရှားနိုင်ငံ၌ အင်္ဂါနေ့က ထုတ်ပြန်သည့် မူဝါဒအရ လောင်စာဆီ လက်လီရောင်းသူများသည် ဇီဝလောင်စာကိုမဖြစ်မနေ ရောင်းရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းအမိန့်လိုက်နာသည့်အတွက် အစိုးရက မက်လုံးတစ်စုံတစ်ရာပေးမည်မဟုတ်ကြောင်း အင်ဒိုနီးရှားသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ၏ လောင်စာရောင်းချသည့်ပမာဏစုစုပေါင်းတွင် ဇီဝဒီဇယ်ပါဝင်မှု အချိုးအစားသည် တစ်ရာခိုင်နှုန်းထက်မနည်းရှိရန် လိုအပ်သည်ဟု စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန ရေနံနှင့် သဘာဝဓာတ်ငွေ့ ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် အီဗစ်တာလီဂိုဂိုက ပြောကြားသည်။ ဖော်ပြပါ လောင်စာ လက်လီရောင်းချသူများအတွက် ဘိုင်အိုအီသနော အနည်းဆုံး လိုအပ်ချက်သည် ၃ ရာခိုင်နှုန်းမျှသာ ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ယင်းရာနှုန်းသတ်မှတ်ချက်များသည် အပြောင်းအလဲရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဖော်ပြပါ မူဝါဒကို ဆက်လက် အကောင်အထည်ဖော်ရန်အတွက် စိတ်ချလက်ချလုပ်ကိုင်ရန်ဖြစ်မဖြစ် ကိစ္စအပေါ် အစုရှယ်ယာဝင်များနှင့် ထပ်မံအစည်းအဝေးပြုလုပ်ရန် လိုအပ်သေးကြောင်း ၎င်းကပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ချက်နိုင်ငံ စတူဒင်ကာမြို့အနီးတွင် ပြိုကျနေသော တံတားနှင့် တိုက်မိကာ တိမ်းမှောက်သွားသော အမြန်ရထားနှင့် အပျက်အစီးများကို ဩဂုတ် ၈ ရက်က တွေ့ရ စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒေသဆိုင်ရာ ရေနံသိုလှောင်ရေး အစီအစဉ် အာဆီယံ+၃ လေ့လာမည်

ဗန်ကောက် ဩဂုတ် ၉

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အဖွဲ့ဝင်နိုင်ငံများ (အေအမ်အီးအမ်)+၃ (တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား)တို့သည် ဒေသဆိုင်ရာရေနံသိုလှောင်ရေး အစီအစဉ်တစ်ခုအတွက် ပြင်ဆင်ရေးလုပ်ငန်းကို ပူးတွဲလေ့လာရန် (၂၆)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် စွမ်းအင်ဆိုင်ရာ ဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြသည်။

အဆိုပါအစီအစဉ်သည် အနာဂတ်ကာလတွင် တလိမ့်လိမ့်တက်လာသော ရေနံဈေးနှုန်း၏ ထိခိုက်မှုကို လျှော့ချရန်နှင့် မလုံလောက်မှုကို ကာကွယ်ရန် ရည်ရွယ်သည်။ အာဆီယံ၏ အခြေခံမူအတွင်းမှာ စွမ်းအင်အရင်းအမြစ်များကို အခြေခံဆက်သွယ်ရန် ထိုင်းနိုင်ငံက တွန်းအားပေးခဲ့ကြောင်း ထိုင်းစွမ်းအင်ဝန်ကြီး ပွန်ပိရွှန်လစ်တာပန်လော့ကပြောကြောင်း ထိုင်းနယူးအေဂျင်စီက သောကြာနေ့တွင်ဖော်ပြသည်။

အဆိုပါစီမံကိန်းတွင် အင်ဒိုနီးရှားနိုင်ငံ နျူတာနာဓာတ်ငွေ့ထုတ်လုပ်ရာ ဒေသများမှ ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံများသို့ နိုင်ငံတကာဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ ဆက်သွယ်ခြင်းတို့ ပါဝင်သည်။ ရေနံပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသော ရေနံတင်သွင်းသည့်နိုင်ငံများအတွက် အကူအညီပေးရေး သဘောတူညီချက်ကို ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ ပြင်ဆင်ထားသောစာချုပ်ကို အတိအကျလိုက်နာစေရန် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ပြောင်းလဲရန် လိုအပ်ကြောင်းကို အဖွဲ့ဝင်နိုင်ငံများက သဘောပေါက်နားလည်ကြောင်း ထိုင်းဝန်ကြီးကပြောသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့၏ အရှေ့ပိုင်းရှိ ဘော်ရီဆိုဗာရွာအနီး၌တွေ့ရသည့် ဘီစီ ၄၀၀၀ ခန့်က အသုံးပြုခဲ့သည်ဟု ယူဆရသော ရထားတစ်စင်းအား ရှေးဟောင်းသုတေသနပညာရှင်များ တူးဖော်နေကြသည်ကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗြိတိန်နိုင်ငံတွင် စက်ရုံ၊ အလုပ်ရုံများမှ ကုန်ထုတ်လုပ်မှုပမာဏ လျော့နည်းကျဆင်း

လန်ဒန် ဩဂုတ် ၉

လေ့လာမှုစစ်တမ်းများအရ ဗြိတိန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုပမာဏသည် မတ်လမှ ဇွန်လအထိ လေးလအတွင်းတွင် သိသာစွာ ဆက်တိုက်ကျဆင်းခဲ့သည်ကို နိုင်ငံပိုင် စာရင်းဇယားများတွင် အင်္ဂါနေ့က တရားဝင်ဖော်ပြထားသည်။ ထိုအချက်သည်ပင်လျှင် နိုင်ငံ၏စီးပွားရေး ကျဆင်းနေမှုကို သိသာစွာ ဖော်ပြနေခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

စာရင်းဇယားများအား ၂၀၀၁ ခုနှစ်မှစတင်ကာ လေ့လာစစ်ဆေးမှုများပြုလုပ်ခဲ့ရာတွင် ယခုဖြစ်စဉ်သည် ပထမဦးဆုံးအကြိမ်အဖြစ် လေးလဆက်တိုက် ထုတ်လုပ်မှု ကျဆင်းခြင်းပင်ဖြစ်သည်။ ကျဆင်းမှုပမာဏသည် ပညာရှင်များ ခန့်မှန်းထားသည့် အတိုင်းအတာထက်ပင် ပို၍ နိမ့်ကျနေကြောင်း တွေ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂါဇာရှိ ဖာတာအကျဉ်းသားများအား ဟားမတ်စ်အဖွဲ့ ပြန်လွှတ်ပေး

ဂါဇာ ဩဂုတ် ၉

ပါလက်စတိုင်း ပြိုင်ဘက်အဖွဲ့များအကြား တိုက်ခိုက်မှုများဖြစ်ပွားစဉ် ဂါဇာကမ်းမြောင်ဒေသတွင် ဟားမတ်စ်လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးထားသော ဖာတာအကျဉ်းသား ၈၀ အား ဩဂုတ် ၅ ရက်က ပြန်လည်လွှတ်ပေးခဲ့ကြောင်း ယင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂါဇာတွင် ဇူလိုင် ၂၅ ရက်က ဗုံးပေါက်ကွဲမှုကြောင့် ဟားမတ်စ်အဖွဲ့ဝင်ငါးဦးနှင့် မိန်းကလေးတစ်ဦး သေဆုံးခဲ့ရသည်။ ထိုကိစ္စဖြစ်ပွားပြီး ဂါဇာရှိ ဟားမတ်စ်နှင့်ဖာတာတို့အကြား အပြန်အလှန်ဖမ်းဆီးမှုများနှင့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ ယင်းဗုံးပေါက်ကွဲမှုသည် ဖာတာအဖွဲ့မှလုပ်ဆောင်သည်ဟု ဟားမတ်စ်အဖွဲ့က စွပ်စွဲခဲ့သော်လည်း အဆိုပါစွပ်စွဲချက်ကို ဖာတာအဖွဲ့က ငြင်းဆိုခဲ့သည်။

ဟားမတ်စ်တို့ ဖမ်းဆီးထားသူ ဖာတာအဖွဲ့ဝင် ၈၀ တို့သည် ဗုံးပေါက်ကွဲမှုနှင့် ဆက်စပ်ပတ်သက်ခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိရ၍ ပြန်လွှတ်ပေးခြင်းဖြစ်သည်ဟု ဟားမတ်စ်ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အီဟတ်အယ်လ်ဂါဆင်က ပြောကြားသည်။

သိမ်းပိုက်

ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်၏ သစ္စာခံ ဖာတာတပ်ဖွဲ့များကို အပြီးအပိုင် တိုက်ထုတ်ပြီးနောက် ဂါဇာကမ်းမြောင်ဒေသကို ဟားမတ်စ် လက်နက်ကိုင်အဖွဲ့များက သိမ်းပိုက်ခဲ့ကြသည်မှာ လွန်ခဲ့သော တစ်နှစ်ခန့်ကတည်းကဖြစ်သည်။

ဖာတာအဖွဲ့ ဩဇာလွှမ်းမိုးသည့် အနောက်ဘက်ကမ်းတွင် ဖမ်းဆီးထားသော ဟားမတ်စ်လိုလားသူအားလုံးကို ပြန်လည်လွှတ်ပေးရန် လွန်ခဲ့သော ရက်သတ္တပတ်က အာဘတ်စ်က ၎င်း၏ လုံခြုံရေးတပ်ဖွဲ့များကို ညွှန်ကြားခဲ့သည်။ သို့သော် ဟားမတ်စ်အဖွဲ့က ၎င်းတို့၏ အဖွဲ့ ဝင်များကို ဖာတာအဖွဲ့က လွှတ်ပေးရန် ကျန်ရှိနေသေးသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု ဇယား

(၉-၈-၂၀၀၈)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၂	-	-	၂
၂	အမေရိကန်	၁	၁	၁	၃
၃	တောင်ကိုရီးယား	၁	၁	-	၂
၄	ချက်	၁	-	-	၁
၅	စပိန်	၁	-	-	၁
၆	ရိုမေးနီးယား	၁	-	-	၁
၇	ဩစတြီးယား	-	၁	-	၁
၈	ကျူးဘား	-	၁	-	၁
၉	အီတလီ	-	၁	-	၁
၁၀	ရုရှား	-	၁	-	၁
၁၁	တူရကီ	-	၁	-	၁
၁၂	အာဂျင်တီးနား	-	-	၁	၁
၁၃	ခရိုအေးရှား	-	-	၁	၁
၁၄	ဂျပန်	-	-	၁	၁
၁၅	နယ်သာလန်	-	-	၁	၁
၁၆	မြောက်ကိုရီးယား	-	-	၁	၁
၁၇	ဆွစ်ဇာလန်	-	-	၁	၁
၁၈	တရုတ်(တိုင်ပေ)	-	-	၁	၁
၁၉	ဥဇဘက်ကစ္စတန်	-	-	၁	၁
	စုစုပေါင်း	၇	၇	၉	၂၃

ဩဂုတ် ၉ရက်က ကျင်းပသည့် ပေကျင်း အိုလံပစ် အမျိုးသား စက်ဘီးစီးပြိုင်ပွဲ၌ ပန်းဝင်လာသော ရွှေတံဆိပ်ဆုရှင် ဆန်းချက်(စပိန်)ကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နှစ် ၁၀၀ ပြည့် ကွန်မြူနတီဒိုင်း မန်ယူနှင့် ပို့စ်မောက်တို့ ဝင်ဘလေကွင်းတွင် ယနေ့ယှဉ်ပြိုင် ကစားကြမည်

ဝင်းတင် (ကြေးမုံ)

ချာရတီဒိုင်းလို့ခေါ်တဲ့ ကွန်မြူနတီဒိုင်းပွဲဟာ ၁၉၀၈ ခုနှစ်က စတင်ကျင်းပလာခဲ့တာ ယခုနှစ်ဆိုလျှင် နှစ် ၁၀၀ ပြည့်မြောက်ခဲ့ပါပြီ။ ၂၀၀၈-၂၀၀၉ ပရီမီယာလိဂ်ဘောလုံးရာသီသစ် အကြိုရန်ပုံငွေဖြစ်တဲ့ ဒီပွဲကို ပရီမီယာလိဂ်ချန်ပီယံ မန်ယူနဲ့ အက်ဖ်အေဖလားချန်ပီယံ ပို့စ်မောက်တို့ဟာ ယနေ့ည ဂနာရီခွဲမှာ ဝင်ဘလေကွင်းကြီးမှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲတစ်ရပ်ကို နှစ် ၁၀၀ ပြည့် ကျင်းပဖို့ဆိုတာ မလွယ်လှပါဘူး။ ယခုပြိုင်ပွဲဟာ နှစ် ၁၀၀ ပြည့်ပွဲဖြစ်တာကြောင့် သက်ဆိုင်ရာ ပြိုင်ပွဲကျင်းပရေး ကော်မတီ အဖွဲ့ဝင်တွေအတွက်လည်း ထူးခြားမှုတစ်ခုပါပဲ။

(၁၆) ကြိမ်

ဒီပြိုင်ပွဲမှာ မိနစ် ၉၀ သရေကျပါက ပယ်နယ်တီ တိုက်ရိုက်ကန်သွင်းရမှာပါ။ ပွဲချိန်အတွင်း ကစားသမား ခြောက်ဦးအထိ လူစားလဲခွင့် ရှိနေပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ နည်းပြတွေအနေနဲ့ လူအပြောင်းအလဲလုပ်ပြီး စမ်းသပ်ခွင့်ရကြမှာပါ။ ကွန်မြူနတီဖလားကို မန်ယူက (၁၆)ကြိမ်ရရှိထားပြီး ပို့စ်မောက်ကတော့ နှစ်ကြိမ်သာ ရရှိထားခဲ့ဖူးတာပါ။

ယနေ့ကျင်းပမယ့် ကွန်မြူနတီပွဲကို ကြီးကြပ်ဖို့ မူလက ကွင်းလယ်ဒိုင်လူကြီး ကလက်တန်ဘာ့ဂ်ကို တာဝန်ပေးခဲ့ပေမယ့် ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ပေါ်ထွက်လာတဲ့ ငွေကြေးအရှုပ်အထွေး ကိစ္စရပ်များကြောင့် ကလက်တန်ဘာ့ဂ်ကို ယခုကွန်မြူနတီပွဲနဲ့ အခြားပွဲများကိုပါ တရားရင်ဆိုင်မှု မပြီးမချင်း ကိုင်တွယ်ကြီးကြပ်ခွင့် အပိတ်ခံထားရမှာပါ။ ဒီနေ့ ကျင်းပမယ့် ပြိုင်ပွဲအတွက် ကလက်တန်ဘာ့ဂ်အစား ပီတာဝဲလ်တန်ကို ပြောင်းလဲခန့်အပ်ထားပါတယ်။

လွဲချော်ဖွယ်ရာရှိ

မန်ယူဟာ ဒီနှစ်မှာ ကစားသမား ပြုပြင်ပြောင်းလဲမှု ကြီးကြီးမားမား ပြုလုပ်ထားခြင်းမရှိပါဘူး။ စီရော်နယ်လ်ဒိုနဲ့ ဝိန်းရွှန်နေးတို့ အပါအဝင် အဓိက ကစားသမားခြောက်ဦးခန့်လောက် ဒီပွဲနဲ့ လွဲချော်ဖွယ်ရာ ရှိနေပါတယ်။ ပို့စ်မောက်ရဲ့ ကစားသမားအားလုံးကတော့ ကြံ့ခိုင်မှုအပြည့်နဲ့ပါ။ မန်ယူဟာ ပို့စ်မောက်နဲ့တွေ့တိုင်း ခက်ခက်ခဲခဲနဲ့ အကြိတ်အနယ် ကစားရလေ့ရှိတာကိုတွေ့ရပါတယ်။ ရက်ဒ်နက်ရဲ့ ပို့စ်မောက်ဟာ မန်ယူကို သရေ(သို့) အနိုင်ကစားနိုင်တဲ့ အနေအထားမှာ ရှိနေပါတယ်။ အစဉ်အလာအရ ၁၉၉၉ နောက်ပိုင်းမှာ ဒီဖလားကို နှစ်ကြိမ်ဆက် ဗိုလ်စွဲတဲ့အသင်း မရှိသေးပါဘူး။ ဒါကြောင့် ဒီနေ့ပွဲဟာ အစဉ်အလာအတိုင်းပဲ သွားမှာလား။ လူမစုံပေမယ့် မန်ယူဆိုတဲ့ စိတ်ဓာတ်နဲ့အစဉ်အလာကို ချေဖျက်သွားမလားဆိုတာ စောင့်ကြည့်ရတော့မှာပါ။ ။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး

ကရင်ပြည်နယ် ကမမောင်းမြို့ ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ လှိုင်းဘွဲ့နှင့်ဘားအံတွင် ဆင်းရွှေလီကြံနှင့် မိုးစပါးစိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၉

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဘားအံတပ်နယ်မှ ဗိုလ်မှူးကြီး တင်မောင်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၅ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဘားအံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ဖာပွန်မြို့နယ် ကမမောင်းမြို့သို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကမမောင်းမြို့ ကိုးနဝင်းဆုတောင်းပြည့်ကျောင်းတိုက်သို့ ရောက်ရှိရာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုသလထံ ဗိုလ်ချုပ်သာအေးက သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုကာ ဆောက်လုပ်ဆဲ ဆွမ်းစားဆောင်အတွက် ဘိလပ်မြေအိတ် ၁၀၀ ကို လှူဒါန်းသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကမမောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ကွန်ပျူတာခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ သင်ထောက်ကူပစ္စည်းများအသုံးပြု၍ သင်ကြားနေမှုနှင့် စာကြည့်တိုက်အတွင်း ဖတ်ရှုလေ့လာနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ကျောင်းဝင်းအတွင်း စားပင်၊ သီးပင်များနှင့် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရေး၊ ပျက်စီးယိုယွင်းနေသော ကျောင်းအဆောက်အအုံများ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ပထမဆုံး ရွှေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပလျက်ရှိသည့် အိုလံပစ်အားကစားပြိုင်ပွဲတွင် အမျိုးသမီး ၁၀ မီတာ လေရိုင်ဖယ် သေနတ်ပစ်ပြိုင်ပွဲ၌ ၅၀၃ ဒသမ ၅ မှတ်ဖြင့် ရွှေတံဆိပ်ဆု ဆွတ်ခူးသွားသည့် ချက်သမ္မတနိုင်ငံမှ သေနတ်ပစ်မယ် ကက်ထရီနာ အမ်မွန်းစ် အောင်ပွဲခံနေသည်ကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။ *[၄င်းရရှိသော ရွှေတံဆိပ်ဆုမှာ ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲကြီးတစ်ခုလုံးတွင် ပထမဆုံး ထွက်ပေါ်လာသည့် ရွှေတံဆိပ်ဖြစ်သည်။]* (ဆင်ဟွာ)

ငါးချီစိန်ခေါ်ပွဲ

နိုင်ငံတကာ ရိုးရာလက်ဝှေ့ပြိုင်ပွဲအတွက် အဆင့်မြင့် ပထမတန်း လက်ဝှေ့ကျော်များ၏ လက်ရည်စစ်ပြိုင်ပွဲများကို အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဩဂုတ် ၉ ရက်က စတင်ကျင်းပရာ ငါးချီစိန်ခေါ်ပွဲတွင် တွေ့မရှောင်က အောင်ဇေယျကို ဒူးပျံဖြင့် တိုက်လိုက်စဉ်။

(သတင်းအပြည့်အစုံ စာမျက်နှာ-၉) ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)